# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့ (7-5-2013) (၇၄၇၃)


**ပြည်သူ့စွမ်းအားဖြင့်**
**နိုင်ငံတော်ကို**
**တည်ဆောက်အံ့**

# တစ်ဖက်နဲ့တစ်ဖက် အပြစ်တင်ခြင်းများ ရပ်တန့်ပြီး လက်တွေ့ကျတဲ့နည်းလမ်းများနဲ့ ကိုင်တွယ်ဖြေရှင်း အနာဂတ်မှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာရေး လုပ်ဆောင်

## ရခိုင်ပြည်နယ် ပဋိပက္ခများစုံစမ်းရေးကော်မရှင် အစီရင်ခံစာနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် မိန့်ခွန်း (၆-၅-၂၀၁၃)



ယနေ့ မြန်မာနိုင်ငံနဲ့ မြန်မာ့လူ့အဖွဲ့အစည်းအတွက် ကျွန်တော်တို့ အစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေတဲ့ အသွင်ကူးပြောင်းရေးဖြစ်စဉ်များဟာ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်၊ စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ်အခြေပြု အုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းမှုဖြစ်စဉ်နဲ့ ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးရှင်သန်တဲ့ ခေတ်မီအမျိုးသားစီးပွားပုံစံချ တည်ဆောက်မှုဖြစ်စဉ်တွေကို ဖော်ဆောင်လျက်ရှိတဲ့ သုံးပွင့်ဆိုင် အပြိုင် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ အခုလိုကြီးမားတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေနဲ့ ပြည့်နက်နေတဲ့ အပြောင်းအလဲတွေကို အောင်မြင်အောင်ကြိုးပမ်း ဆောင်ရွက်နိုင်ကြမယ်ဆိုရင် နိုင်ငံသားတစ်ဦးချင်းစီရဲ့ မျှော်လင့်ချက်များ ရှင်သန်နိုင်တဲ့ ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီလိုလှပတဲ့ အနာဂတ်ကို ပိုင်ဆိုင်နိုင်မယ်ဆိုရင် အခွင့်အလမ်းများရရှိထားပေမယ့် တစ်ချိန်တည်းမှာပဲ အများမခံနိုင်တဲ့ အခြေအနေ၊ အချိန်အခါမျိုးလည်း ဖြစ်တဲ့အတွက် စိတ်ခံစားမှုများကိုရှေ့တန်းတင်တဲ့၊ လွဲမှားတဲ့၊ အယူသီးအစွန်းရောက်တဲ့ လုပ်ရပ်တွေကြောင့် ဆုံးရှုံးမှုတွေနဲ့ အန္တရာယ်တွေကို ကြုံတွေ့နိုင်ပါတယ်။ ဒါတွေကိုရှောင်လွှဲနိုင်ဖို့ ကျွန်တော်တို့ တစ်ဦးချင်းစီမှာ တာဝန်ရှိကြောင်းကိုလည်း အလေးအနက် ပြောကြားလိုပါတယ်။

၂၀၁၂ ခုနှစ်အတွင်းမှာ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေရဲ့ အကြောင်းအရင်းများကို စနစ်တကျ ရှာဖွေဖော်ထုတ်ဖို့နဲ့ အလားတူပဋိပက္ခများ ထပ်မံမဖြစ်ပွားစေဖို့ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ယင်းကော်မရှင်ရဲ့ အစီရင်ခံစာကို ၂၀၁၃ ခုနှစ် ဧပြီလ ၂၉ ရက်နေ့မှာ တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီအစီရင်ခံစာကို အသေအချာ လေ့လာဖတ်ရှုကြည့်တဲ့အခါမှာ ဘက်ပေါင်းစုံကနေ စနစ်တကျ အသေးစိတ်လေ့လာသုံးသပ် ပြထားတာကို တွေ့ရတဲ့အတွက် လက်တွေ့ကျပြီး ပြည့်စုံကောင်းမွန်တဲ့ အစီရင်ခံစာတစ်ခုဖြစ်တယ်ဆိုတာကို တွေ့ရှိရမှာဖြစ်သလိုနိုင်ငံတော်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များရဲ့ စေတနာထားကြိုးပမ်းဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုကြရမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆



## ရေနံချောင်းမှ ပင်းချောင်းတံတားသစ်ကြီး အောင်မြင်စွာ ဆောက်လုပ်ပြီးစီး

မကွေးတိုင်း ဒေသကြီးတွင် ချောင်းများမြောက်မြားစွာရှိသည်။ ထိုချောင်းများထဲမှ ယင်းချောင်း၊ ဒေါင်းနေချောင်းနှင့် ပင်းချောင်းတို့မှာ အကျယ်ဆုံးနှင့် အကြီးဆုံး ချောင်းကြီး သုံးချောင်းဖြစ်သည်။ မိုးတွင်းကာလတွင် ထိုချောင်းကြီးများထဲတွင် ချောင်းရေကျပါက ခရီးသည်ကားများ၊ ကုန်ကားများ၊ ကိုယ်ပိုင်ကားများမှာ ချောင်းရေကျသည်အထိ နှစ်ည၊ သုံးည စောင့်အိပ်ကြရသည်။ ထို့အပြင် အတင့်ရဲ၍ ကားများ ချောင်းရေထဲဖြတ်ကူးပါက ချောင်းသဲနစ်၍ လူအင်အား၊ နွားလှည်းများဖြင့် ဆွဲယူရသည်အထိ ဒုက္ခရောက်ကြသည်။ တစ်ခါတစ်ရံ ချောင်းရေဖြင့် ကားများရေထဲမျောပါပြီး လူ့အသက်ကိုပါ ဆုံးရှုံးခဲ့ကြရသည်။ ထိုချောင်းကြီး သုံးချောင်း၏ ချောင်းရေဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရသည်။ ချောင်းရေကြောင့် ကားသမားများ ဒုက္ခရောက်ကြသည်။ ခရီးသည်များ စားရေးသောက်ရေး ဆင်းရဲဒုက္ခရောက်ခဲ့ကြသည်။ ထိုချောင်းကြီးများ၏ ဘေးဒုက္ခဆိုးကြီးများကို နိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနက ခေတ်မီတံတားကြီးများ ဆောက်လုပ် ပေးခဲ့သောကြောင့် ချောင်းရေဒဏ်မှ ကာကွယ်နိုင်ခဲ့သဖြင့် ကားသမားများနှင့် ခရီးသွားများမှာ စိတ်ချမ်းသာခဲ့ကြရသည်။

**သတင်းမှတ်စုနှင့် ဓာတ်ပုံ**
**တင်လှိုင်(မိတ္ထီလာ)**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး-တောင်တွင်းကြီးကားလမ်းရှိ ယင်းချောင်းတံတားနှင့်မကွေး-ရေနံချောင်းကားလမ်းပေါ်ရှိ ဒေါင်းနေချောင်းတံတားများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ခေတ်မီတံတားသစ်ကြီးများ ဆောက်လုပ်ပေးခဲ့သဖြင့် ချောင်းရေ ဘေးဒုက္ခမှခရီးသွားများနှင့် ကားသမားများ ကင်းလွတ်ကြရသဖြင့်

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✱


ဦးအောင်နိုင်
(ရွှေတံဆိပ်ဆုရှင်-CPA)
B.Com (Q); CPA; FLCCI (London-UK)
DA (LCCI-UK); FFA (IFA-UK)
22 June စနေနေ့စမည်။
ကျောင်းအပ်လက်ခံပြီ
LCCI
Level I,II,III
စာရင်းကိုင်သင်တန်းများ
FOR SERIES 4/2013
■ ၂၄၄၊ တတိယထပ်၊ မီးပွိုင့်နှင့်ရုံးဘတ်တားကြား ပန်းဆိုးတန်း(ထက်)။ ☎: 01-377610, 09 730 99752, 09 730 66231, 09 515 1024

**အတွေးအမြင်**

ကြေးမုံစာတည်းရှုထောင့် — ၇-၅-၂၀၁၃၊ အင်္ဂါနေ့

# အသေတတ်၊ အနေတတ်

ယုံကြည်ကိုးကွယ်ရာ ဆရာသမားများက အနေတတ်ကြပါ၊ အသေတတ်ကြပါဟု ဆုံးမသည့်စကားကို ကြားဖူးနားဝရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့ ပုထုဇဉ်များအဖို့ အနေတတ်၊ အသေတတ်ဖို့ များစွာခက်ခဲကြလိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။

အမှန်တွင် မိမိတို့၏စိတ်အစဉ်ကို ကောင်းသည့်ဘဝင်တွင်ထားရှိ၍ မကောင်းသည့်စိတ်ထားများ ဝင်မလာအောင်ပိတ်ပင်တားဆီးဟန့်တားကာ မိမိတို့၏ထွက်သက်ဆုံးသည်အထိ ဆင်ခြင်ဉာဏ်ထားရှိမည်ဆိုလျှင် မည်သူမဆိုခက်လှမည် မထင်ပါ။

မိမိတို့၏စိတ်တွင် အကုသိုလ်ကင်းသော စိတ်ထားများကို ကျွမ်းကျင်သော မော်တော်ယာဉ်မောင်းနှင်နေသူတစ်ဦးကဲ့သို့ နေ့စဉ်စိတ်ထားထားရှိသွားမည်ဆိုလျှင် ဖြစ်နိုင်ပါသည်။ မော်တော်ယာဉ်မောင်းနှင်သူသည် မိမိယာဉ်ကို မောင်းနှင်နေစဉ်အတွင်း၌ နား၊ မျက်စိ၊ ခြေ၊ လက်တို့ကို မျက်ခြည်မပြတ် သတိချပ်ထားရသည် မဟုတ်ပါလော။

ယာဉ်မောင်းသည် မော်တော်ယာဉ်မောင်းနှင်နေစဉ် မိမိယာဉ်ရှေ့၌ အန္တရာယ်ကို ကြုံတွေ့လိုက်လျှင် ၎င်း၏လက်က စတီယာရင်ကိုကိုင်၍ ခြေထောက်က ဘရိတ်ကို နင်းကာ ဘေးအန္တရာယ်မတွေ့အောင် ကာကွယ်သကဲ့သို့ ကောင်းသောစိတ်ထားများ နှလုံးသွင်းထားသူတစ်ဦးသည် ရှေ့စိတ်က ဖောက်ပြန်၍ အကုသိုလ်ဘက်သို့ ဆောလျင်စွာသွားလျှင် နောက်စိတ်ကလိုက်၍ တားဆီးတတ်သည့် သဘောပင်ဖြစ်၏။

ကုသိုလ်စိတ်များပွားနေသူသည် အကုသိုလ်စိတ်များဖြစ်ခွင့်မရ၊ ဖြစ်ခွင့်မရအောင် တားဆီးနိုင်သဖြင့် တရားသဘောအရ အောက်သို့ဆင်းသည်မရှိ၊ တစ်နေ့ထက်တစ်နေ့အထက်သို့သာ တက်လေသည်။ သူတော်ကောင်းတို့သည် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲသဖြင့် ပါရမီနည်းသေးလျှင် တစ်ဘဝ၊ များလျှင် ခုနစ်ဘဝဖြင့် နိဗ္ဗာန်ချမ်းသာသို့ မျက်မှောက်ပြုနိုင်ပုံကို ကျမ်းဂန်များတွင် အခိုင်အမာပြဆိုထားရာ ယင်းသည် လူတစ်ဦးအတွက် အနေတတ်ပုံဖြစ်ပါသည်။

လူတိုင်း ခံစားမှုဝေဒနာကို ကိုယ်တွေ့ကြုံဖူးမည်ဖြစ်သည်။ နောက်ဆုံးအချိန် ခန္ဓာကြွေမည့်ကာလ၌ မည်သူမဆို ဝေဒနာဖောက်ပြန်မှု အနည်းနှင့်အများ ရင်ဆိုင်ကြရပါသည်။ ရှောင်လွှဲ၍ မရပါ။ ထိုအချိန်တွင် အတ္တတည်းဟူသော လောဘသံယောဇဉ်ကပ်ငြိလျှင် လားရာဂတိလွဲ၍ အရင်းရှုံးမည်ကို သတိပြုရမည်ဖြစ်သည်။

ဘုရား၊ ဘုရားတရုံဖြင့် ဘဝပြတ်မည်မဟုတ်ချေ။ မိမိအားထုတ်ခဲ့သည့် ဝေဒနာသဘောကို ဆင်ခြင်၍ သည်းခံခြင်းနှင့် အသိကပ်ကာ ကောင်းသည့် ဘဝကို ရှေးရှုဖို့ဖြစ်သည်။ ကျောင်းသားတစ်ယောက်သည် စာမေးပွဲခန်း မဝင်မီကတည်းက ဖြေဆိုဖွယ်ရာများကို ကြိုတင်ပြင်ထားသဖြင့် အောင်ပွဲဝင်သကဲ့သို့၊ ကြိုတင်ပြင်ဆင် ကျက်မှတ်ထားခြင်းမရှိသော ကျောင်းသားတစ်ယောက်သည် စာမေးပွဲခန်းသို့ဝင်ရာတွင် ကိုးကွယ်ရာမရ ချွေးတဒီးဒီးကျပြီး ကျရှုံးရသကဲ့သို့ လူ့ဘဝနောက်ဆုံးအချိန်အတွက် ဖော်ပြပါ အသိ၊ သတိဖြင့် ကြိုတင်ပြင်ဆင်ထားမှသာ အသေတတ်မည်ဖြစ်ပါသည်။

လူတို့သည် ဘာဖြစ်လျှင် ဘာလုပ်မည်၊ ထီဆုကြီးပေါက်လျှင် ဘာလုပ်မည်ဟု တွေးတောထားခြင်းထက် ထိုကံထူးမှုထက် ပို၍နီးစပ်သော တစ်နေ့မလွဲမသွေပေါက်မည့် မရဏထီပေါက်လျှင် မိမိဘာလုပ်မည်၊ မည်သို့ပြင်ဆင်ထားမည်ကို ကျွန်ုပ်တို့ မမေ့အပ်ချေ။

လူ့ဘဝဟူသည် တိုတောင်းလှသည်ဖြစ်၍ ကွေးသောလက်မဆန့်မီ ဆန့်သောလက် မကွေးမီ မိမိတို့ဘဝအတွက် အသေတတ်၊ အနေတတ်အောင် ကျင့်ကြံပွားများ အားထုတ်ကြဖို့လိုမည်ဖြစ်သည်။ မည်သည့်ယုံကြည်မှုရှိသည်ဖြစ်စေ ကံကံ၏အကျိုးကိုယုံကြည်ပြီး ကောင်းသောကံများတိုးပွားအောင်၊ ကောင်းသောစိတ်ထားများ၊ ကောင်းသောအားထုတ်မှုများ၊ ကောင်းသောစိတ်နှလုံးများ ထားရှိမွေးမြူသွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ပေလီကမ်းခြေ ရေရှည်ဖွံ့ဖြိုးရေး ဆောင်ရွက်

**နေပြည်တော် မေ ၆**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ရခိုင်ပြည်နယ်စီးပွားရေးဝန်ကြီး ဦးမြအောင်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့်အတူ ငပလီဟိုတယ်ဇုန်ဥက္ကဋ္ဌနှင့် ဟိုတယ်လုပ်ငန်းရှင်များအား မေ ၃ ရက် မွန်းလွဲပိုင်းတွင် Amazing Hotels & Resorts ၌တွေ့ဆုံကာ ငပလီကမ်းခြေခရီးစဉ်ဒေသ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် ပြီးခဲ့သောခရီးသွားရာသီအတွင်း ငပလီကမ်းခြေဒေသသို့ ပြည်တွင်းပြည်ပဧည့်သည်လာရောက်မှုမှာ ယခင်နှစ်ကထက် သိသာထင်ရှားစွာ တိုးတက်များပြားခဲ့ကြောင်း၊ အထူးသဖြင့် ပြည်ပဧည့်သည် ရောက်ရှိမှုသည် ၄၀ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ဧည့်သည်များအနေဖြင့် ကမ်းခြေတွင် အေးချမ်းစွာအပန်းဖြေ နိုင်ရုံသာမက ဒေသတွင်းရှိ ပြကွင်း ပြကွက်များ၊ အခြားစိတ်ဝင်စားဖွယ် နေရာများကိုပါ သွားရောက်ကြည့်ရှု နိုင်အောင် စီစဉ်ပေးကြရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် ငပလီကမ်းခြေ ရေရှည်ဖွံ့ဖြိုးရေးအတွက် လက်ရှိစီမံကိန်းကို နှစ်စဉ်ပြန်လည် သုံးသပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များက ဒေသဖွံ့ဖြိုးရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံများ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၄ ရက် နံနက်ပိုင်းတွင် ငပလီကမ်းခြေရှိ တည်ဆောက်ဆဲဟိုတယ်များ၊ မကြာမီဖွင့်လှစ်မည့်ဟိုတယ်များနှင့် ယင်းဟိုတယ်များအတွက် ရေလှောင်တမံ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် မြေစီမံကိန်းတိုးချဲ့မည့်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏အမှုဆောင်သစ်များ၊ ဟိုတယ်ဇုန်ဥက္ကဋ္ဌများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနသည် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုတိုးတက်ရောက်ရှိရေး ဆောင်ရွက်လျက်ရှိရာ အသင်းအဖွဲ့များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လုပ်ငန်းရှင်များအနေဖြင့် အကျိုးအမြတ်များရရှိခံစားကြရမည် ဖြစ်ကြောင်း၊ မိမိလုပ်ငန်းရှင်သန်ဖွံ့ဖြိုးလာသကဲ့သို့ CSR (Coorperate Social Responsibility) ဆိုသည့် လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရန်လည်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ၎င်းသို့ဖြင့် ဒေသခံပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းရေးကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တကယ်လုပ် အဟုတ်ဖွတာပါ

**ရန်ကုန် မေ ၆**

ရန်ကုန်မြို့တော်အနှံ့အပြား မည်သည့်နေရာမျှ မတွေ့ဖူး၊ မမြင်ဖူးရသည့်မြင်ကွင်းတစ်ခုပါ။ တကယ်လုပ်တာပါ။ ထိုနေရာမှာ ရန်ကုန်မြို့ ဆူးလေကားမှတ်တိုင်တွင် ဖြစ်ပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် မြို့တော်အင်္ဂါရပ်နှင့် ညီစေရန်ရည်ရွယ်ပြီး ကွမ်း၊ တံတွေးထွေးရန်ပုံး၊ လမ်းသွားလမ်းလာများနှင့် လမ်းဘေးဈေးသည်များ စွန့်ပစ်ရန် ပုံးတို့ကို စနစ်တကျ ချထားပေးပါသည်။ ခရီးသည်နားနေဆောင်များ အနံ့အသက်ဆိုးနှင့် ပတ်ဝန်းကျင်ညစ်နွမ်းမှု မရှိစေရန် သန့်ရှင်းရေးဝန်ထမ်းများသည် နေ့ဆိုင်း၊ ညဆိုင်းဖြင့် အချိန်နှင့်တစ်ပြေးညီ သန့်ရှင်းရေးလုပ်ကိုင်နေကြရသည်။ စွန့်ပစ်ပစ္စည်းများကို အမှိုက်ပုံးအတွင်း မရှိစေရန်နှင့် အနံ့အသက်ဆိုးများ ပျံ့လွင့်မှုမရှိစေရေးတို့အတွက် တစ်နေ့လျှင် နှစ်ကြိမ် အမှိုက်ပုံးကို ဆပ်ပြာရည်များဖြင့် ဆေးကြောသန့်စင်ကြပါသည်။

အမှိုက်များကို ပြည်သူများ စနစ်တကျစွန့်ပစ်ရန် လုပ်ဆောင်ပေးထားသော်လည်း ခရီးသွားပြည်သူများက အလွယ်တကူအမှိုက်လွှင့်ပစ်မှု၊ လမ်းဘေးဈေးသည်များ၊ ကားသမားများ မဆင်မခြင် အမှိုက်ဖွမှုတို့ကြောင့် အရာမထင်ဖြစ်နေခဲ့ရပါသည်။ ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသည်များ ယခုကာလတွင် လာရောက်ကြသည်မှာ ပိုမိုလာပြီး မကြာခင်ကာလတွင် အမြောက်အမြား ဝင်လာတော့မည်ဖြစ်သောကြောင့် ပြည်သူအများ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။ **(၇၀၁)**



## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၅-၂၀၁၃ (အင်္ဂါနေ့)

| | |
|---|---|
| ၅း၄၀ | “မာတိကာမာတာ ဝတ္ထုတရားတော်” (ပထမပိုင်း) [အောင်စကြာဆရာတော် အရှင်စန္ဒသိရီ] |
| ၆း၁၅ | Health Fix |
| ၆း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းမရှိလို့မဖြစ်” (အပိုင်း-၅၄) |
| ၇း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေလဆုံရာရွှေဖူးစာ” (အပိုင်း-၁၅) |
| ၈း၁၅ | တိုးတက်လာသောဆေးပညာနှင့် ကျန်းမာရေး (Relux & Health Centre) |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေညင်းလေးရဲ့ပျော်ရွှင်မှု” (အပိုင်း-၉၈) |
| ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်ခြင်းမှပေးစွမ်းသော” (အပိုင်း-၃၈) |
| ၁၀း၄၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်ခြင်းမှပေးစွမ်းသော” (အပိုင်း-၃၈) |
| ၂း၅၀ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |

BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်မှ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများကို
ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချခင်းကျင်းပေးနေပါသည်။
အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ပဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151,01-8603389, 09- 5426261, 09-73152381

သင်္ဘောသား မှ အရာရှိဖြစ်လိုသူများအတွက် သတင်းကောင်းတခု-
Zay Ya Theikdi Co.,Ltd
MARITIME TRAINING CENTRE
ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (DMA) မှ အသိအမှတ်ပြုသည့် အောက်ပါသင်တန်းများကို Zay Ya Theikdi Co.,Ltd ၏ MARITIME TRAINING CENTRE တွင် ဝင်လယ်လှုပ်သက် အတွေ့အကြုံများပြီးပါရဂူကျွမ်းကျင်သူ ရေယာဉ်မှူးကြီးများကိုယ်တိုင် ဦးစီး၍ သင်ထောက်ကူပစ္စည်းများဖြင့်စာတွေ့လက်တွေ့များသင်ကြားပို့ချပေးနေပါသည်။
ဖွင့်လှစ်သည့် သင်တန်းများ
1. BST (4 Tickets)
2. Pre-Sea (Deck Rating)
သင်တန်းများအား ဧည့်ဆက်ဆံမှုဖြင့် ဖွင့်လှစ်လျက်ရှိပြီး ကြိုတင်စာရင်းပေး အပ်နိုင်ပါပြီ။



ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့ပြီးနောက် အောင်ပွဲခံလျက်ရှိသူ နာဂျစ်ရာဇတ်(ဝဲ)။

# မလေးရှားဝန်ကြီးချုပ်အဖြစ် နာဂျစ် ကျမ်းသစ္စာကျိန်ဆိုမည်

**ကွာလာလမ်ပူ မေ ၆**

မလေးရှားနိုင်ငံ၏ အာဏာရညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ နာဂျစ်ရာဇတ်သည် ဝန်ကြီးချုပ်အဖြစ် မေ ၆ ရက်နှောင်းပိုင်းတွင် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကျမ်းသစ္စာကျိန်ဆို**

နာဂျစ်သည် အမျိုးသားနန်းတော်၌ ကျင်းပမည့် အခမ်းအနားတွင် မလေးရှားဘုရင် စူလ်တန်အဗ္ဗဒူလ်ဟာလင်းမူဒမ်ရှား၏ ရှေ့မှောက်၌ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဟု မျှော်လင့်ရသည်။

၂၀၀၉ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ယူခဲ့သူ နာဂျစ်သည် မေ ၅ ရက်က ကျင်းပသည့် အထွေထွေရွေးကောက်ပွဲ၌ အောင်ပွဲခံခဲ့သော အာဏာရဘာရီဆန်နေရှင်နယ်ညွန့်ပေါင်းအဖွဲ့ကို ဦးဆောင်ခဲ့သူဖြစ်သည်။

မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် နာဂျစ်၏ ညွန့်ပေါင်းအဖွဲ့က အမတ်နေရာ ၂၂၂ နေရာအနက် ၁၃၃ နေရာကို ရရှိခဲ့ပြီး အတိုက်အခံတို့က အမတ်နေရာ ၈၉ နေရာ ရရှိခဲ့သည်။

**အေးရှားနယူးစ်**

# သြစတြေးလျ၏ စီးကရက်ထုပ်ပိုးမှုဆိုင်ရာဥပဒေ ကျူးဘား ကန့်ကွက်မည်

**ဂျီနီဗာ မေ ၆**

သြစတြေးလျနိုင်ငံ၏ စီးကရက်ထုပ်ပိုးမှုဆိုင်ရာ ဥပဒေကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)တွင် ကန့်ကွက်သွားရန် ကျူးဘားနိုင်ငံက စီစဉ်ဆောင်ရွက်ထားလျက်ရှိကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် ဒဗလျူတီအိုက မေ ၆ ရက်တွင် ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

သြစတြေးလျနိုင်ငံက စီးကရက်ထုပ်ပိုးမှုဆိုင်ရာ တင်းကျပ်သည့် ဥပဒေထုတ်ပြန်ပြဋ္ဌာန်းခဲ့ခြင်းနှင့် ပတ်သက်၍ ယူကရိန်း၊ ဟွန်ဒူးရပ်စ်နှင့် ဒိုမီနီကန်သမ္မတနိုင်ငံတို့ကလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တရားဥပဒေကြောင်းအရ တရားစွဲဆိုမှုများ ပြုလုပ်ထားကြသည်။

သြစတြေးလျနိုင်ငံ၌ လွန်ခဲ့သည့် ဒီဇင်ဘာလက အာဏာသက်ဝင်လာခဲ့သော ဥပဒေအရ စီးကရက်ကုမ္ပဏီများအနေဖြင့် ၎င်းတို့ထုတ်လုပ်သော စီးကရက်ဘူးများပေါ်တွင် ကုမ္ပဏီအမှတ်တံဆိပ်(လိုဂို)ကိုဖော်ပြခွင့်မရှိပေ။ ၎င်းအပြင် စီးကရက်ဘူးပေါ်တွင် ကျန်းမာရေးသတိပေးချက်ကို အထင်အရှားဖော်ပြရန်လိုအပ်သည်။

စီးကရက်ဘူး ထုပ်ပိုးခြင်းဆိုင်ရာ တင်းကျပ်သော ဥပဒေကို သြစတြေးလျနိုင်ငံက ပြဋ္ဌာန်းခဲ့ပြီးနောက် ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နော်ဝေ၊ တောင်ကိုရီးယား၊ နယူးဇီလန်နှင့် ကနေဒါနိုင်ငံတို့ကလည်း အလားတူ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် စဉ်းစားသုံးသပ်လျက်ရှိကြသည်။

**ရိုက်တာ။**



# ဘယ်လ်ဂျီယံဓာတုပစ္စည်းတင်ရထား လမ်းချော် မီးလောင်

**ဂင့်(ဘယ်လ်ဂျီယံ) မေ ၆**

ဘယ်လ်ဂျီယံနိုင်ငံမြောက်ပိုင်း၌ ဓာတုပစ္စည်းများတင်ဆောင်လာသည့် ရထားတစ်စင်းလမ်းချော်၍ မီးလောင်ပေါက်ကွဲခဲ့ရာ ရှင်းလင်းရေးလုပ်ငန်းများ စတင် ဆောင်ရွက်လျက်ရှိပြီဖြစ်ကြောင်း မေ ၅ ရက် စီဘီစီသတင်းတွင် ဖော်ပြသည်။

ဂင့်မြို့မှ အရှေ့ဘက်ကီလိုမီတာ ၂၀ အကွာရှိ လီဘယ်လီမြို့နှင့် ဝက်တီးရင်းမြို့အကြား၌ စနေနေ့ နံနက် ၂ နာရီခန့်တွင် ရထားလမ်းချော်ခဲ့ပြီး တွဲ၁၃တွဲအနက် ခြောက်တွဲတွင် မီးလောင်ခဲ့သည်။

အဆိုပါဒေသ၌နေထိုင်သူများကို ၎င်းတို့၏ နေအိမ် တံခါးများ၊ တံခါးပေါက်များအား ပိတ်ထားကြရန် တာဝန်ရှိသူများက သတိပေးခဲ့သည်။ လူ ၃၀၀ ခန့်သည် ၎င်းတို့၏နေအိမ်များမှ ထွက်ပြေးခဲ့ကြသည်။

မီးရထားလမ်းဘေး၌ နေထိုင်သူနှစ်ဦး သေဆုံးခဲ့ပြီး ၎င်းတို့မည်သို့မည်ပုံသေဆုံးရသည်ကို ရှင်းလင်းစွာ မသိရသေးပေ။ အခြား ၁၄ ဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်။

အပျော်တမ်း ဗီဒီယိုရိုက်ကူးထားရာတွင် ညအချိန်၌ ရထားမှာမီးလောင်လျက်ရှိ၍ နေထွက်ချိန်၌ ရထားတွဲများမှာ ရထားလမ်းပေါ်၌ မွှေလိမ်မွှေကောက်ဖြစ်နေသည်ကို တွေ့ရသည်။

ရထားပေါ်တွင် ဓာတုပစ္စည်းအမျိုးမျိုးနှင့် အဆိပ်ဖြစ်သော ကုန်ကြမ်းများ တင်ဆောင်၍ တွဲတစ်တွဲပေါ်တွင် ဆိုင်ယာနိုက်များပါလာကြောင်း သတင်းများရရှိသည်ဟု စီဘီစီသတင်းထောက်က ပြောသည်။

ရထားသည် နယ်သာလန်မှ ဂင့်မြို့ပင်လယ်ဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းလာခြင်းဖြစ်သည်။

**စီဘီစီ**

# နျူကလီးယားဓာတ်အားစက်ရုံ လည်ပတ်လုပ်ကိုင်ရန် အိန္ဒိယတရားရုံးချုပ်က ခွင့်ပြုပေးပြီ

**နယူးဒေလီ မေ ၆**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံ လည်ပတ်လုပ်ကိုင်ရန် တရားရုံးချုပ်က မေ ၆ ရက်တွင် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း၊ နျူကလီးယားဆန့်ကျင်ရေး လှုပ်ရှားမှုအဖွဲ့များက အဆိုပါစက်ရုံ၏ ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်၍ တရားဥပဒေကြောင်းအရ ကန့်ကွက်မှုများပြုလုပ်ခဲ့သော်လည်း တရားရုံးချုပ်က ယင်းသို့ ခွင့်ပြုပေးခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အများပြည်သူလူထု၏ အကျိုးစီးပွားအလို့ငှာ တမီလ်နာဒူးပြည်နယ်ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံကို ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုကြောင်း တရားရုံးချုပ်၏ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

ကူဒန်ကူလမ်အမည်ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံသည် အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်အရေးပါကြောင်း တရားရုံးချုပ်၏ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ နျူကလီးယားစက်ရုံကို ရုရှားနိုင်ငံက တည်ဆောက်ပေးခဲ့ပြီး အိန္ဒိယနိုင်ငံ၏ အကြီးဆုံးသော နျူကလီးယားစွမ်းအင်စီမံကိန်းဖြစ်သည်။

**အေအက်ဖ်ပီ။**



အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်ရှိ နျူကလီးယား ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

THE YANGON TIMES
ရန်ကုန်တိုင်းမ်နေ့စဉ် DAILY

The Yangon Times သတင်းစာတစ်စောင်ဖတ်ရုံဖြင့်
Samsung Galaxy S4 လက်ဝယ်ပိုင်ဆိုင်နိုင်မည့် အခွင့်အရေး



ရန်ကုန်တိုင်းမ်နေ့စဉ်သတင်းစာကို ဝယ်ယူဖတ်ရှုသော စာဖတ်ပရိသတ်များ၏ ကျေးဇူးကို တုံ့ပြန်သောအားဖြင့် Samsung Galaxy S4 တစ်လုံးကို တစ်ပတ်တစ်ကြိမ် မေတ္တာလက်ဆောင်အဖြစ် ကံစမ်းမဲဖွင့်ပေးနေပါပြီ။

လူမှုရေးနှင့် နာရေးကြော်ငြာများကို အခမဲ့ထည့်သွင်းပေးနေပါသည်။

ရန်ကုန်မြို့တွင်းနှင့် မြို့အလိုက် သတင်းစာဖြန့်ချိရေးကိုယ်စားလှယ်များ၊ ကြော်ငြာထည့်သွင်းလိုသူများ၊
သတင်းစာကြော်ငြာကိုယ်စားလှယ်လုပ်ကိုင်လိုသူများ၊ သတင်းစာလပေးဖတ်ရှုလိုသူများ ဆက်သွယ်ပါရန်
Hot Line - 09 73080817, 09 73080819
သတင်းကိစ္စဆက်သွယ်လိုသူများ၊ နယ်သတင်းထောက်လုပ်ကိုင်လိုသူများ ဆက်သွယ်ပါရန်
Hot Line - 09 73029308, 011 220 322

## ပြည်တွင်းရေးရာ

# အသေးစားချေးငွေလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အရှေ့ဖောင်ကြီးကျေးရွာ၌ တည်ဆောက်လျက်ရှိသော Saemaul Multi-Complex Center တွင် စာကြည့်တိုက်၊ ရှေးဦးသူနာပြုစုရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းတို့ ပါဝင်စေရန်အတွက် စီစဉ်ဆောင်ရွက်ရေး၊ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အရှေ့ဖောင်ကြီးကျေးရွာနှင့် သန်လျင်မြို့နယ် သနပ်ပင်ကျေးရွာတို့၌ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းအပြင် အခြားသော တိုင်းဒေသကြီး/ ပြည်နယ်များတွင်ပါ စီမံကိန်းတိုးချဲ့ဆောင်ရွက်ရေး၊ အသေးစားချေးငွေ (Microfinance) လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် လုံခြုံရေးဝန်ကြီးဌာနမှ Administrative Officer Kwon, Yeong-Seok ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက် ၉ နာရီတွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြသည်။**(ယာပုံ)**

အလားတူ မွန်းလွဲ ၂ နာရီတွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ Financial Sector Economist ဖြစ်သူ Mr. Thatha Hla ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် သမဝါယမဝန်ကြီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားချေးငွေ (Microfinance) လုပ်ငန်းများ၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ သမဝါယမတက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများတွင် သမဝါယမ စီးပွားရေးပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်တတ်မြောက်သော ပညာတတ်များ မွေးထုတ်ပေးနိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဥတုရာသီ တောကိုမိုး၏**

# အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**ဝေါ မေ ၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတားအဟောင်း၊ အသစ်ဆိုရာ မဟာဗျူဟာလမ်းဆုံတွင် Mobile Team လရ-၂ ညွှန်မှူးနှင့် ပူးပေါင်းအဖွဲ့သည် မေ ၂ ရက် နံနက် ၁ နာရီခွဲက ၎င်းတို့အခြေပြုရာမှ ထွက်ခွာလာပြီး Mobile Team စစ်ဆေးရေးဂိတ်အား ရှောင်ကွင်းနိုင်သော ကွင်းလမ်းများအား စစ်ဆေးနိုင်ရန် ဆောင်ရွက်နေစဉ် ညောင်ခါးရှည်အပိုင် တာကောအင်းလမ်းခွဲ အရောက်၌ ကားလမ်းဘေးတွင် အိပ်နေကြသော အမျိုးသား၊ အမျိုးသမီး ၁၃ ဦးအား တွေ့ရှိ၍ စစ်ဆေးကြည့်ရာ ကျိုက်ထိုမှန်လုံယာဉ်အား စောင့်နေသည်ဟု ပြောကြောင်း၊ ယင်းမှန်လုံယာဉ်တွင် ခရီးသည်အဖြစ် ဟန်ဆောင်လိုက်ပါနိုင်ရန် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ငှားရမ်းထားကြောင်း စစ်ဆေးသိရှိရသည့်အတွက် ယင်းမှန်လုံယာဉ်အား စစ်ဆေးနိုင်ရန် ညောင်ခါးရှည်လမ်းခွဲသို့ ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ် (၃)အရောက်တွင် နေဝင်းအောင် မောင်းနှင်လာသော ယာဉ်အမှတ် ၄ခ/. . . ပြည့်အားမာန် မှန်လုံယာဉ်မှာ ကျိုက်ထိုဘက်သို့ပြန်လည်လှည့်မောင်းရန် ပြင်ဆင်နေသည့်အတွက် ယင်းယာဉ်အား စစ်ဆေးကြည့်ရာ ခရီးသည်ထိုင်ခုံအောက်နှင့် ထိုင်ခုံများကြားတွင် Beer Chang (500 ml) (1× 24) ၉၅ ဖာ၊ ယာဉ်အမှတ် ၂ခ/. . . . ရွှေခြသေ့ မှန်လုံယာဉ်ပေါ်တွင် ပိုင်ရှင်ဦးသန်းအောင် ပိုင်ဆိုင်သော Milo (200 g) (1× 8pcs × 6) ၃၂ ဖာ၊ Queen အချိုရည် ၁၂၀ ဘူး၊ SUMO ၃၄ ဘူး၊ ယာဉ်အမှတ် ၆ဂ/. . . သာမည မှန်လုံယာဉ်ပေါ်တွင် ပိုင်ရှင် စည်သူပိုင်ဆိုင်သော ပဲပိစပ်ဆီ ၄၀ ဘူး၊ ၉ခ/. . . . ရွှေဖားစည် မှန်လုံယာဉ်ပေါ်တွင် ပိုင်ရှင် ဦးသူရပိုင်ဆိုင်သော Heineken (330 ml) (1× 24 pcs) ခုနစ်ဖာ၊ PUC ဝါယာကြိုး ၃၈ ခွေအား စစ်ဆေးတွေ့ရှိရသည့်အတွက် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဘုန်းသော်(ဝေါ)**



# တိုးချဲ့မွေးမြူရေး ပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် မေ ၆**

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်မှုများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပါမှ မိသားစုဘဝသာမက နိုင်ငံတော်ပါ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် တွဲဖက်၍ မွေးမြူရေးလုပ်ငန်းများကိုပါ တစ်ပိုင်တစ်နိုင် ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲမှုလျှော့ကျရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် မွေးမြူရေးနှင့် သား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဟောပြောပွဲကို နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ညောင်ပင်သာစံပြကျေးရွာ ဓမ္မာရုံ၌ မေ ၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ပညာပေးဟောပြောပွဲတွင် နေပြည်တော် မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ စိုးသိမ်းက နို့စားနွားမွေးမြူမှုတိုးတက်ရေးအတွက် ကျေးရွာ အရောက်အခမဲ့ မေထုန်မဲ့သားစပ်ပေးခြင်းနှင့် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ် တိုးချဲ့မွေးမြူရေးကိုလည်းကောင်း၊ မြို့နယ် ဦးစီးအရာရှိ ဒေါက်တာ ဝင်းစိုးက တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းချုပ်ခြင်းနှင့် ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၅၈၆)**

# ဂက်(စ်)အိုးများ အပူလွန်ကဲပြီး မီးလောင်

**ရန်ကုန် မေ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက် ဘုရင့်နောင်လမ်းမကြီးရှိစက်မှုသုံး သံဂဟေ စက်ပစ္စည်းမျိုးစုံရောင်းဝယ်ရေး ခြံဝင်းတွင် မေ ၅ ရက် ည ၁၀ နာရီခွဲခန့်က ဂက်(စ်) အိုးများ၊ ဂက်(စ်) အားဖြည့်ခြင်း၊ အားသွင်းခြင်းလုပ်ငန်းကို လုပ်ကိုင်နေစဉ် လျှပ်စစ်မီးခုံမှ ဝါယာများအပူလွန်ကဲပြီး ဂက်(စ်)များ ယိုစိမ့်ကာ ဝါယာရှော့ဖြစ်၍ ဂက်(စ်)အိုးများ ပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ ရွာမအနောက်ရပ်ကွက်အတွင်းရှိ ပြည်သူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားသည်။

ရပ်ကွက်အတွင်း လူနေအိမ်ခြေအနီး မီးလောင်ပေါက်ကွဲစေတတ်သော ဂက်(စ်)ဓာတ်ငွေ့ပစ္စည်းများကို ရောင်းဝယ်နေခြင်းသည် ပတ်ဝန်းကျင်အနီးရှိ လူအများ၏ အသက်အိုးအိမ်စည်းစိမ်ကို အန္တရာယ်ပေးနေသဖြင့် စိုးရိမ်ရကြောင်း လူနေရပ်ကွက်နှင့် ဝေးရာပြောင်းရွှေ့လုပ်ကိုင်သင့်ကြောင်း ရပ်ကွက်အတွင်းနေပြည်သူများ၏ ပြောဆိုသံကိုကြားသိခဲ့ရသည်။

မီးပေါ်ဆသူ စက်မှုသုံးသံဂဟေစက်ပစ္စည်းမျိုးစုံရောင်းဝယ်ရေးပိုင်ရှင်အား အင်းစိန်ရဲစခန်းက ပြစ်မှုဆိုင်ရာ ပုဒ်မ(၂၈၅) ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောင်ဗလ)**

# မြန်မာ့ဘောလုံးလောကတိုးတက်ရေး ဆောင်ရွက်ချက်များရှင်းလင်း

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ကျင်းပပြီးစီးခဲ့သည့် အာရှဘောလုံးအဖွဲ့ချုပ်(AFC) ကွန်ဂရက် အစည်းအဝေးသို့ တက်ရောက်ခဲ့ရာတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆပ်ဘလတ္တာ၊ ဥရောပဘောလုံးအဖွဲ့ချုပ် အဖွဲ့ချုပ်ဥက္ကဋ္ဌ မစ်ချယ် ပလာတီနီတို့နှင့် တွေ့ဆုံခဲ့ပြီး မြန်မာ့ဘောလုံးလောက တိုးတက်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆပ်ဘလတ္တာက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ပြီးခဲ့သည့်ကာလအတွင်း ဘောလုံးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းနှင့် လူမှုရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခြင်းများမှာ အားရဖွယ်ရာကောင်းကြောင်း၊ အထူးသဖြင့် နိုင်ငံအတွင်း ကျန်းမာရေးဆိုင်ရာ ထောက်ပံ့ကူညီမှုတစ်ရပ်ဖြစ်သည့် FIFA 11 For Health Programme အတွက် ဆောင်ရွက်ချက်များကိုလည်း ကျေနပ်အားရပါကြောင်း၊ ယင်းပရိုဂရမ်အား အောင်မြင်စွာ အကောင်အထည်ဖော်သွားမည်ဟုလည်း ယုံကြည်ပါကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအား ပြောကြားခဲ့သည်။ ဖီဖာသည် ယမန်နှစ်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား အာရှဒေသအတွက် ပထမဆုံးဖြစ်သည့် FIFA 11 For Health ပရိုဂရမ်ကို ပေးအပ်ခဲ့ပြီး MFF နှင့် ကျန်းမာရေး၊ ပညာရေး၊ အားကစားဝန်ကြီးဌာနသုံးခု ပူးပေါင်းကာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် MFF ဥက္ကဋ္ဌသည် 25th AFC Congress တွင် ဥရောပဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မစ်ချယ် ပလာတီနီအား တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ဘောလုံးလောကတိုးတက်ရေးအတွက် တိုင်ပင်ဆွေးနွေးခဲ့ကြောင်းလည်း သိရသည်။ မေ ၂ ရက်မှ ၃ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ပြုလုပ်ခဲ့သည့် အာရှဘောလုံးအဖွဲ့ချုပ်ကွန်ဂရက်သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးရဲမျိုးဟိန်းနှင့် AFC Gold Star Award ဆုရရှိခဲ့သည့် ဦးခင်မောင်ကြိုင်တို့ တက်ရောက်ခဲ့ ကြသည်။

အဆိုပါ ကွန်ဂရက်တွင်ပြုလုပ်သည့် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌရာထူး ရွေးကောက်ပွဲတွင် ဘာရိန်းနိုင်ငံသား Shaikh Salman Bin Ebrahim Al Khalifa က အနိုင်ရရှိခဲ့သည်။ **(ဇော်မင်းအောင်)**

# ထားဝယ်၌ စုပေါင်းသွေးလှူဒါန်း

**ထားဝယ် မေ ၆**

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ထားဝယ်မြို့ မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာ မြင့်မြင့်ခိုင်က သွေးလှူဒါန်းသူ မီးသတ်တပ်ဖွဲ့ဝင်များအား ဆေးဝါးများနှင့် အားပြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။ အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၅၀ တို့ သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**





**ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာ ခန့်ထားရန်)**

Htoo Construction Developmet Group Co., Ltd. တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

- Male/Female (5) Post
- LL.B (Law)/ LL.M (Law)
- English (4) Skills ကျွမ်းကျင်ရမည်။
- Computer Application ကျွမ်းကျင်ရမည်။
- Email, Internet ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်
- ဥပဒေလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

* လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အထောက်အထားများနှင့်တကွ (၃၁-၅-၂၀၁၂) ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - 01-655308/ 01-655309

# သထုံ-မော်လမြိုင် မဟာဓာတ်အားလိုင်းနှင့် ရေး-ထားဝယ်-ဘားအံ စက်မှုဇုန်သို့ ဓာတ်အားပေးပို့နိုင်မည့် မော်လမြိုင်ပင်မဓာတ်အားခွဲရုံဖွင့်

**မော်လမြိုင် မေ ၆**

ယခုအခါ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဓာတ်အား သုံးစွဲသူ တိုးတက်များပြားလာပြီး ဓာတ်အားလိုအပ်ချက်အား ဖြည့်ဆီးရန်အတွက် မော်လမြိုင်မြို့ အတ္ထရံ တံတားအနီးတွင် ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ မော်လမြိုင် ပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ၊ သထုံ-မော်လမြိုင် ဓာတ်အားလိုင်း မိုင် ၅၀ကို တည်ဆောက်ခဲ့ပါကြောင်း၊ အဆိုပါဓာတ်အားလိုင်းကြောင့် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် ဓာတ်အားပျောက်ဆုံးမှုရာခိုင်နှုန်းလျော့နည်းကျဆင်းသွားမည်ဖြစ်ပြီး ယခင် ၆၆ ကေဗွီဓာတ်အားစနစ်တွင် ၄၄ ကေဗွီခန့်သာရှိရာမှ ယခုအခါ ဝန်အားပြည့်သုံးစွဲနေသည့် အချိန်တွင်ပင် ၆၄ ကေဗွီအထိတိုးတက်လာပြီး သံဖြူဇရပ်သို့ ၃၃ ကေဗွီဖြင့် ပို့လွှတ်ထားသော ဓာတ်အားစနစ်တွင် ၂၀ ကေဗွီခန့်ရှိရာမှ ယခုအခါ ၃၂ ကေဗွီအထိ တိုးတက်လာပြီး မွန်ပြည်နယ်အတွင်း သုံးစွဲသည့် ဓာတ်အားပမာဏကို နိုင်နင်းစွာ ဖြည့်ဆီးပေးနိုင်မည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့နံနက်ပိုင်းတွင် ကျင်းပသော မော်လမြိုင်ပင်မဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဂင်းပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းများ ထပ်မံတိုးချဲ့တည်ဆောက်ကာ ရေး-ထားဝယ်ဒေသများသို့ ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်၍ ဓာတ်အားပေးပို့နိုင်မည်ဖြစ်ပြီး ကရင်ပြည်နယ်အတွင်းရှိ ဘားအံစက်မှုဇုန်သို့လည်း ပို့အားပိုမိုကောင်းမွန်စွာဓာတ်အားပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

လာမည့် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင်လည်း မွန်ပြည်နယ်အတွင်းလျှပ်စစ်ဓာတ်အား ပိုမိုကောင်းမွန်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ မော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ (၆၉၄)





ရန်ကုန်မြို့ရှိ လွှတ်တော်ရုံးခွဲ (ရန်ကုန်)၌ ကျင်းပသည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ လွှတ်တော်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

စပ်လျဉ်း၍ USAID Agriculture Officer Mr.Gary Jahnက ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E Mr.Derek Mitchell နှင့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် တောင်သူလယ်သမားများ အကြွေးတင်လျက်ရှိသဖြင့် ရွှေ့ဆက်သွားရန် အခက်အခဲရှိကြောင်း၊ အချို့ဒေသများတွင် လယ်ယာမြေများကို ဒီအတိုင်းထားပြီး အခြားနိုင်ငံများသို့ သွားရောက် အလုပ်လုပ်နေကြသဖြင့် နိုင်ငံအတွက် ဆုံးရှုံးကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုကာကွယ်ရန် ဥပဒေပြဌာန်းနိုင်ရေး ရေးဆွဲလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရန် ပြဋ္ဌာန်းမည့်ဥပဒေများသည် တရားမျှတပြီး နည်းလမ်းတကျရှိမှသာ တရားဥပဒေစိုးမိုးမှုရှိနိုင်မည်ဖြစ်ကြောင်း၊ တချို့ဥပဒေများမှာ ဥပဒေ ပြဋ္ဌာန်းထားသော်လည်း မလိုက်နာနိုင်ကြကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးမှု အားနည်းကြောင်း၊ တရားဥပဒေစိုးမိုးအောင် ဥပဒေနှင့်အညီ တရားနည်းလမ်းကျသည့် ဥပဒေပြဋ္ဌာန်းနိုင်ပါက တောင်သူလယ်သမားများအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်းဖြင့် ပြောကြားကာဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

◆ **ကလောမြို့နယ်မှ**

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့သဖြင့် သစ်ပင်များလဲပြိုခြင်း၊ လူနေအဆောက်အအုံများ အမိုးများလန်ခြင်းနှင့် ရွှံ့ညွှန်ရည်များ စီးဆင်းလာမှုကြောင့် ယင်းလုပ်ကွက်အတွင်း ပိတ်မိခြင်းများ ဖြစ်ပေါ်ခဲ့ရာ စုစုပေါင်းသေဆုံးသူ ၁၆ ဦးနှင့် ဒဏ်ရာရရှိသူ ရှစ်ဦးရှိကြောင်း သိရသည်။

ထို့အပြင် အဆိုပါဖြစ်စဉ်ကြောင့် လူနေအဆောက်အအုံ ၂၅ လုံး၊ ဓာတ်အားပို့လွှတ်ပေးနေသည့် လျှပ်စစ်မီးတိုင် ၂၄ တိုင်နှင့် မော်တော်ယာဉ်များ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းမှာ ငွေကျပ်သိန်း ၁၀၀ ခန့်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီး နောက်တစ်ရက်ဖြစ်သည့် မေ ၃ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် နယ်စပ်ရေးရာဝန်ကြီးနှင့်အဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ တပ်နယ်မှူး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များနှင့် ယင်းစက်ရုံလုပ်ကွက်အတွင်းရှိ ပရဟိတအဖွဲ့တို့က ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်ခဲ့ကြသည်။

အဆိုပါဖြစ်စဉ်အတွင်း သေဆုံးခဲ့ရသူများ၏ မိသားစုများအား အာရှကမ္ဘာမြေစက်မှုနှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ နာရေးကိစ္စများအပြင် လိုအပ်သည့်အကူအညီမှန်သမျှကို တတ်အားသရွေ့ လုပ်ဆောင်ပေးခဲ့သည်။

ယခုအခါ လေပြင်းတိုက်ခတ်မှု၊ မိုးရွာသွန်းမှု၊ ရွှံ့ညွှန်ရေများ စီးဆင်းဖုံးလွှမ်းမှု၊ သစ်ပင်လဲပြိုပိမှုတို့ကြောင့် ဖြစ်ပေါ်ခဲ့ရသော အပျက်အစီးများအား ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိပြီး နေအိမ်များပြန်လည်ဆောက်လုပ်ပေးခြင်း၊ အန္တရာယ်ရှိစေနိုင်သည့် အပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပျက်စီးသွားသော မြေသားလမ်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အင်းလုပ်သားများနှင့် ပရဟိတအဖွဲ့တို့မှ ပူးပေါင်း၍ မေ ၆ ရက်အထိ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## ညှော်ရိပ်သာတွင် ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်သဖြင့်ဖမ်းဆီး

**မြိတ် မေ ၆**

မြိတ်ခရိုင် မြိတ်မြို့ ကြံ့တောရပ်ကွက်ကြီး လေဆိပ်အနီး ကြံ့တောလမ်းသွယ် (၁)လမ်းသွယ်ရှိ အဆင့်မြင့် ညှော့်ရိပ်သာအား မေ ၅ ရက် ည ၁၀ နာရီခွဲခန့်က မြိတ်ခရိုင်နှင့် မြိတ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ စခန်းမှူးဦးဆောင်သော စုပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အခန်းအတွင်း ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်နေသူများအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုနေ့ညတွင် လေယာဉ်မယ် အဆင့်မြင့်ညှော့်ရိပ်သာ မန်နေဂျာက ပြည့်တန်ဆာနှင့် ပျော်ပါးရန် လာရောက်သူ ကို----အား ထိုညှော့်ရိပ်သာရှိ မ---နှင့် ဆက်ဆံစေခဲ့ပြီး ထိုသို့ဆက်ဆံသဖြင့် ညှော့်ရိပ်သာ မန်နေဂျာအားငွေကျပ် သုံးသောင်းပေးရကြောင်း၊ ပြည့်တန်ဆာနှင့်ပျော်ပါးရန်လာရောက်သူများက ပြောပြ၍ သက်သေများရှေ့တွင် သိမ်းဆည်းကာ ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်သူ ညှော့်ရိပ်သာ မန်နေဂျာအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကြံ့တောဖိုးဌေး(မြိတ်)**

## ကျန်းမာရေးအာမခံနှင့် အသက်အာမခံဆိုင်ရာသင်တန်းဖွင့်

**ရန်ကုန် မေ ၆**

မြန်မာ့အာမခံ လုပ်ငန်းနှင့် ဟောင်ကောင်အခြေစိုက် AIA အသက်အာမခံကုမ္ပဏီတို့ ပူးပေါင်း၍ ကျန်းမာရေးအာမခံနှင့် အသက်အာမခံဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အာမခံ ရုံးချုပ်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ကျန်းမာရေးအာမခံသည် ပြည်သူများအတွက် အမှန်တကယ်လိုအပ်နေသော အာမခံအမျိုးအစားဖြစ်ကြောင်း၊ သို့သော် နည်းပညာလိုအပ်ချက်မြင့်မားကြောင်း၊ ယခုအခါ အာမခံကုမ္ပဏီ ၁၃ ခုရှိလာပြီဖြစ်၍ ကျန်းမာရေးအာမခံကို အကောင်အထည်ဖော်ရန် လုံလောက်သော အင်အားရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံခြားမှ နည်းပညာအကူအညီ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍ ပံ့ပိုးပေးမှုတို့ဖြင့် စတင်နိုင်မည်ဟု ခန့်မှန်းနိုင်ကြောင်း၊ ယခု မြန်မာ့အာမခံမှ ရောင်းချပေးနေသော "မြွေအန္တရာယ်" အာမခံသည် ကျန်းမာရေးအာမခံ၏ ရှေ့ပြေးပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေသန်း ၆၀ ခန့်ရှိရာ အသက်အာမခံပေါ်လစီသည် သုံးသိန်းခန့်သာရှိသေးကြောင်း၊ ထိုသို့ တွင်ကျယ်မှုနည်းရခြင်းမှာ အသက်အာမခံ၏ အရည်အသွေး ဆွဲဆောင်မှုနည်း၍သော်လည်းကောင်း၊ ဖြန့်ချိမှုချို့ယွင်း၍သော်လည်းကောင်း၊ ယင်းနှစ်မျိုးစလုံးကြောင့် သော်လည်းကောင်း ဖြစ်နိုင်ကြောင်း၊ ပြည်သူတို့ စိတ်ဝင်စားမှုရှိမည့် အသက်အာမခံပေါ်လစီမျိုးတီထွင်၍ ထိရောက်သော ဖြန့်ချိမှုပြုနိုင်ရန် သုတေသနပြုလုပ်ရမည် ဖြစ်ကြောင်း၊ Statistical Modelling မျိုးလုပ်ကြည့်ရန် လိုအပ်ကြောင်း၊ ယခု သင်တန်းမှရသော ပညာ၊ ဗဟုသုတများသည် မြန်မာနိုင်ငံတွင် ကျန်းမာရေးအာမခံနှင့် အသက်အာမခံ ပြန့်ပွားရေးအတွက် အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ AIA ကုမ္ပဏီသည် အာရှတိုက်တွင် ပေါက်ဖွားခဲ့သော ကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်သည့် ဒုတိယနိုင်ငံခြား အသက်အာမခံကုမ္ပဏီဖြစ်ကြောင်းနှင့် သင်တန်းသားများအနေဖြင့် စိတ်ဝင်စားမှု၊ အာရုံပြုမှုအပြည့်ထည့်၍ ရသမျှ ဗဟုသုတများကို ရယူခြင်းဖြင့် ရွှေရောင်အခွင့်အရေးကို မိမိရရ ဆုပ်ကိုင်ရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ကျင်းပသွားမည်ဖြစ်ပြီး သင်တန်းသား ၄၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မှိုစားသူ ရွာသားရှစ်ဦးတွင် နှစ်ဦးသေဆုံး

**တာချီလိတ် မေ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ်ခွဲ မိုင်းပါးလျှိုးကျေးရွာအုပ်စု ဝမ်ပုံကျေးရွာ၊ နမ့်ကိုင်ကျေးရွာ၊ ကော်ကော့ကျေးရွာများမှ ရွာသားရှစ်ဦးသည် ဧပြီ ၃၀ ရက် နံနက် ၈ နာရီခန့်တွင် စုပေါင်း၍ တောတွင်းလက်ဖက်ခါးခူးရန်အတွက် ဝမ်ပုံကျေးရွာမှ လက်ဖက်ခါးခူးမည့်နေရာ ဒေသအခေါ် (နောင်က) တောထဲသို့ ထွက်ခွာသွားပြီး တောထဲတွင် စုပေါင်းနေထိုင်၍ လက်ဖက်ခါးများခူးပြီး ညနေစာအဖြစ် တောအတွင်းမှ တွေ့ရှိသော တောမှိုအဖြူရောင်များအား ချက်ပြုတ်စားသောက်ရာမှ ခြောက်ဦးမူးဝေအော့အန်ဝေဒနာခံစားရပြီး နှစ်ဦးမှာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဂင်းရွာသားရှစ်ဦးသည် တောထဲတွင် လက်ဖက်ခါးများခူးပြီး မေ ၃ရက် ညနေ ၃ နာရီခန့်တွင် ညနေစာအဖြစ် တောတွင်းမှတွေ့ရသော တောမှိုအဖြူရောင်များအား ချက်ပြုတ်စားသောက်ရာမှ ၁၀ မိနစ်ခန့်အကြာတွင် ရွာသားရှစ်ဦးလုံးမူးဝေအော့အန်လာကြသဖြင့် တောအတွင်းမှ မိမိတို့ကျေးရွာများသို့ ချက်ချင်းပြန်လည်ထွက်ခွာလာရာ မေ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ကျေးရွာများသို့ အသီးသီးပြန်လည်ရောက်ရှိကြသည်။ ဝမ်ပုံကျေးရွာမှ ဦးအိုက်ရီကျောက်နှင့် ဦးအိုက်ကျောက်တို့ နှစ်ဦးမှာ မသက်သာသဖြင့် ညနေ ၆ နာရီတွင် တာချီလိတ်ပြည်သူ့ဆေးရုံသို့ ထော်လာဂျီ (ဒေသခေါ်) လောအီတန်ယာဉ်နှင့် ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့ရာ မေ ၅ ရက် နံနက် ၃ နာရီခန့်တွင် တာချီလိတ်ဆေးရုံ၌ ဦးအိုက်ရီကျောက်နှင့် ဦးအိုက်ကျောက် တို့ နှစ်ဦးလုံး သေဆုံးသွားကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**

## တောင်ပိုင်းဒေသများတွင် နေ့အပူချိန် အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် မေ ၆**

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၈ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီရိတ်ထိ လျော့နည်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ ကြို့ပင်ကောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ပင်လောင်းမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ဘော်လခဲမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ရမည်းသင်းမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် ကြို့ပင်ကောက်မြို့တွင် ၁ ဒသမ ၁၀ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ခြင်ဆေးခွေသုံးလျှင် သတိယှဉ်
အောက်တွင်ခံခွက် မမေ့နှင့်

# မိခင်နှင့်မွေးကင်းစကလေး သေဆုံးမှု လျှော့ချရေး သားဖွားဆရာမများ၏ အခန်းကဏ္ဍ အဓိကကျ

**နေပြည်တော်  မေ  ၆**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန် သင်္ဂဟဟိုတယ် Grand Ballroom ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ကမ္ဘာပေါ်တွင် မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုအားလုံး လက်လှမ်းမီနိုင်စေရန် သားဖွားဆရာမ ၃၅၀၀၀၀ အမှန်တကယ် လိုအပ်နေပြီး မြန်မာနိုင်ငံတွင်လည်း သားဖွားဆရာမများ တိုးတက်ခန့်ထားပေးနိုင်ရန် လိုအပ်နေကြောင်း၊ ၂၀၁၂ ခုနှစ်အထိ သားဖွားဆရာမ ၂၀၀၄၄ ဦး လေ့ကျင့်သင်ကြားမွေးထုတ်ပြီးဖြစ်သော်လည်း လက်ရှိကာလတွင် သားဖွားဆရာမ ၉၉၃၂ ဦးကိုသာ ခန့်အပ်ထားနိုင်သေးကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်အတွက် သားဖွားဆရာမများ လိုအပ်နေသေးကြောင်း၊ မိခင်နှင့်မွေးကင်းစကလေး သေဆုံးမှုလျှော့ချရေးတွင် သားဖွားဆရာမများ၏ အခန်းကဏ္ဍသည် အဓိကကျလျက်ရှိကြောင်း၊ သားဖွားဆရာမများ၏ မိခင်နှင့်မွေးကင်းစကလေး ကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများတွင်ရရှိခဲ့သည့် အောင်မြင်မှုများနှင့် တိုးတက်မှုများကို ဂုဏ်ပြုချီးမြှင့်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ကို နှစ်စဉ် မေ ၅ ရက်တွင် ပြုလုပ်လျက်ရှိပြီး ယနေ့ကျင်းပသည့် အခမ်းအနားသည် မြန်မာနိုင်ငံ အနေဖြင့် ပထမဦးဆုံးအကြိမ် စတင်ပြုလုပ်ခြင်း ဖြစ်ကြောင်း၊ သားဖွားဆရာမများသည် နိုင်ငံတိုင်း၏ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် အဓိကအင်အားစု ဖြစ်ကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ အဓိကအင်အားများဖြစ်ကြကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံတွင် သားဖွားဆရာမများအား အနီရောင်နတ်မိမယ်များ (Red Angels) ဟု တင်စားခေါ်ဝေါ်ကြကြောင်း၊ ကမ္ဘာပေါ်၌ တစ်နှစ်လျှင် မိခင်ပေါင်း ၂၈၇၀၀၀ နှင့် တစ်နှစ်အောက်ကလေး သုံးသန်းကျော်ခန့်သည် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ် သေဆုံးနေကြကြောင်း၊ အကယ်၍သာ လုံလောက်သော သားဖွားဆရာမများ ရှိခဲ့ပါက ယင်းသေဆုံးမှုများကို ကာကွယ်နိုင်သကဲ့သို့ အရည်အသွေးပြည့်ဝသည့် သားဖွားဆရာမများ လုံလောက်စွာရှိခြင်းနှင့် ပစ္စည်းကိရိယာ ပြည့်စုံစွာရှိနိုင်ခြင်းတို့သည် မိခင်သေဆုံးမှု၏ ၆၀ ရာခိုင်နှုန်းကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော် နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသ ကျန်းမာရေးဌာနများတွင် ပြည်သူနှင့် တစ်သားတည်းနေထိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်နေသည့် သားဖွားဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်းနှင့် တာဝန်ကျေပွန်မှု၊ စေတနာထားစောင့်ရှောက်မှုနှင့် ပံ့ပိုးကူညီမှုများကို ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့်လည်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ Officer In Charge Mr. Rogelio Fernandez Castilla က အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းမှ သားဖွားဆရာမများထံ သားဖွားဆရာမသုံးမွေးဖွားပုံးများ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံကြသည်။

အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူဦးရေနေ့ အထိမ်းအမှတ် ထူးချွန်ဝန်ထမ်းအဖြစ် နိုင်ငံတော်မှ ဆုချီးမြှင့်ခြင်းခံရသည့် သားဖွားဆရာမ ငါးဦးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်မှ ဒေါ်ခင်လှရွှေ၊ ကယားပြည်နယ် ဒီမောဆိုးမြို့နယ်မှ ဒေါ်နော်လားရှီး၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှ ဒေါ်နန်းနှင်းပွင့်၊ ဗဟို သားဖွားသင်တန်းကျောင်း ရန်ကုန်မြို့မှ ဒေါ်ယဉ်ယဉ်ဦးနှင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းမှ ဒေါ်ယဉ်ယဉ်မြတို့က မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၌ လူတစ်ဦး ကြိုးဆွဲချသေဆုံး

**ရန်ကုန်  မေ  ၆**

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၈၈) ရပ်ကွက် ရွှေကြိုးကြာလမ်းရှိ နေအိမ်တစ်အိမ်တွင် မေ ၅ ရက် နံနက် ၁၁ နာရီခန့်တွင် လူတစ်ဦးကြိုးဆွဲချသေဆုံးကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်ထွန်းတင်၊ သက်သေရာအိမ်မှူး ဦးဝင်းဌေး၊ ဦးဝင်းနိုင်တို့နှင့်အတူ သွားရောက်စစ်ဆေးရာ ၎င်းနေအိမ်တွင် အိမ်ရှင် ဦးတင်အောင် (၆၅) နှစ် ခန္ဓာကိုယ်အောက်ပိုင်း လေဖြတ်ထားသူသည် နေအိမ်ခြေရင်းတွင် အမြင့်လေးပေခွဲခန့်ရှိ အဝတ်လှန်းသည့် ဝါးတန်းတွင် ကြိုးဆွဲချသေဆုံးနေသည်ကို တွေ့ရှိရပြီး အမှုဖွင့်ထားကြောင်း သိရသည်။ (၅၁၂)

## အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမေ့ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်သည်။

### လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့်ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင် တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## ပြည်တွင်းရေးရာ

## ပျံ့ကျဈေးသည်များ အရောင်းအဝယ်နှေး၍ တွက်ခြေမကိုက်

**အရာတော်  မေ  ၆**

လူသားများ၏ စားသောက်မှုတွင် ဟင်းသီးဟင်းရွက်သည် ပါဝင်မြဲဖြစ်သည်။ ဟင်းသီးဟင်းရွက်များကို မီးဖိုချောင်သုံးအဖြစ် တစ်ပိုင်တစ်နိုင်စိုက်ပျိုးပြီး ပိုလျှံပါက ရောင်းချခြင်းဖြင့် အပိုဝင်ငွေရပေသည်။ ကျွန်တော်တို့ အရာတော်မြို့လေးသည် ပူပြင်းခြောက်သွေ့မိုးခေါင်ရေရှားသော ဒေသဖြစ်သဖြင့် ဟင်းသီးဟင်းရွက်၊ ငရုတ်၊ ကြက်သွန်ကအစ မုံရွာမြို့သို့ သွားရောက်ဝယ်ယူပြီး တစ်ဆင့်ရောင်းဝယ်ခဲ့ရသည်။

၁၉၈၉-၁၉၉၀ ခုနှစ်တွင် နိုင်ငံတော်မှ ကြီးကြပ်ကွပ်ကဲမှုဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် အရာတော်မြို့နှင့် ရွှေဘိုလမ်းကို အဆင့်မြှင့်တင်ဖောက်လုပ်ပေးခဲ့သောကြောင့် ရွှေဘိုနယ်မှ ထွက်ရှိသော ဟင်းသီးဟင်းရွက်စသည်များကို သယ်ယူရောင်းဝယ်ရသောကြောင့် အရာတော်မြို့ စည်ပင်သာယာဈေးတွင် ရောင်းဝယ်သူများနှင့် စည်ကားလျက်ရှိသည်။

"ယခုနှစ်မှာ နွေရာသီအပူချိန်မြင့်မားတာကြောင့် ရောင်းသူဝယ်သူ အသံတူစကားအတိုင်း မဖြစ်ခဲ့ရပေ။ ဝယ်သူကနည်း၊ ရောင်းသူကများပြီး မရောင်းရ။ မိမိခြံတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသော ချဉ်ပေါင်၊ ကန်စွန်းကအစ



အပူဒဏ်ကပြင်း၊ ရေကရှားပြီး အပိုငွေလေးရမလား ရောင်းမိပါတယ် **(အပေါ်ပုံ)**

ဟင်းသီးဟင်းရွက်တွေက ညှိုးခြောက်ပြီး အမြတ်ရဖို့ နေနေသာသာ အရင်းရအောင် မနည်းလုပ်နေရတယ်"ဟု စည်ပင်သာယာဈေးဝင်းအတွင်းရှိ ဈေးသည်များထံမှ သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ပြည်တွင်းစက်မှုဇုန်များ၌ အတိုးမဲ့ချေးငွေများ ချေးလာ

**ရန်ကုန်  မေ  ၆**

ပြည်တွင်း စက်မှုဇုန်များတွင် ဝန်ထမ်းတည်မြဲစေရန်အတွက် အတိုးမဲ့ချေးငွေများပေး၍ လုပ်ဆောင်လာကြောင်း ရန်ကုန်မြို့ လှိုင်သာယာ စက်မှုဇုန်အတွင်းရှိ ကုမ္ပဏီဝန်ထမ်းများထံမှ သိရသည်။

ယခင်က ကုမ္ပဏီလုပ်ငန်းအချို့သာ မိမိဝန်ထမ်းများအတွက် ပြင်ပသင်တန်းများ၌ on duty အဖြစ် လစာဖြတ်တောက်ခြင်းမရှိဘဲ သင်တန်းများတက်ရောက်စေခြင်းများရှိပြီး ယခုနောက်ပိုင်းတွင် အတိုးမဲ့ချေးငွေများချေး၍ လုပ်ဆောင်မှုမှာ ကျယ်ပြန့်လာကြောင်း၊ ငွေချေးသည့် နည်းလမ်းမှာ ကုမ္ပဏီလုပ်ငန်းတစ်ခုနှင့်တစ်ခု မတူညီကြဘဲ အချို့သောကုမ္ပဏီများတွင် လစာ၏ သုံးလစာရှိသောငွေပမာဏကိုလည်းကောင်း၊ အချို့တွင် ရာထူးအဆင့်အလိုက် အကြောင်းအရာတစ်ခုပြသလျှောက်ထား၍ ယင်းလျှောက်ထားသော ငွေအပေါ် စိစစ်ချပေးခြင်းလည်းဖြစ်ပြီး စက်မှုဇုန်များတွင် အတိုးမဲ့ ငွေချေးပေးခြင်းမှာ ခေတ်စားလာခဲ့ကြောင်း သိရသည်။

ယခုနောက်ပိုင်း ပြည်တွင်းကုန်ထုတ်လုပ်ငန်းများတွင် လုပ်ငန်းပြိုင်ဆိုင်မှုများရှိလာပြီး ကုမ္ပဏီလုပ်ငန်းတစ်ခုမှ ကျွမ်းကျင်ဝန်ထမ်းကို အခြားလုပ်ငန်းတစ်ခုက လစာပိုပေး၍ ခေါ်ယူခန့်ထားခြင်းများ ရှိလာပြီး လုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်ကြသောသူများကြောင်း၊ ဝန်ထမ်းအပြောင်းအရွှေ့နှင့် လုပ်ငန်းယှဉ်ပြိုင်မှုများအပေါ် လုပ်ငန်းရှင်များက ဝန်ထမ်းတည်မြဲစေမည့် နည်းလမ်းများဖြင့် လုပ်ဆောင်လာကြရခြင်းဖြစ်ကြောင်း ပြည်တွင်းကုမ္ပဏီတစ်ခုမှ မန်နေဂျာတစ်ဦးက ရှင်းပြသည်။

မကြာမီ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်လာမည်ဖြစ်ကာ ပြည်တွင်း လုပ်ငန်းရှင်များအတွက် ယင်းကိစ္စသည် စိန်ခေါ်ချက်တစ်ရပ်ကဲ့သို့ဖြစ်နေပြီး လတ်တလောတွင် မိမိတို့တွင်ရှိထားသော ကျွမ်းကျင်လုပ်သားဝန်ထမ်းများကိုသာ မိမိလုပ်ငန်း၌ တည်မြဲစေရန် နည်းလမ်းအမျိုးမျိုးဖြင့်မက်လုံးပေး၍ လုပ်ဆောင်နေကြရခြင်း ဖြစ်ကြောင်း သိရသည်။

**(၆၈၀)**

## ပဲခူးမြို့လယ်တွင် ဆိုင်ကယ်အား နောက်မှဝင်တိုက်ပြီး ဓားဖြင့်ထိုးမှုဖြစ်ပွား

**ပဲခူး  မေ  ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် မေ ၅ ရက် ညနေ ၆ နာရီခွဲတွင် မသီသီထွန်း (၂၀)နှစ် စိန်ဟင်းစတိုင်း (စာရေးတာဝန်) ရွာသစ် (၃)လမ်း ရွာသစ်ရပ်ကွက် ပဲခူးမြို့နေသူနှင့် မောင်နိုင်လင်းထက်တို့ အလုပ်သိမ်းပြီး ဆိုင်ကယ်ဖြင့် နာရီစင်ဘက်သို့ မောင်းနှင်လာစဉ် ပဲခူးမြို့မင်းလမ်း KM mart စတိုးဆိုင်ရှေ့တွင် နောက်မှ ဝင်းသူအောင် (ခ) ဉာဏ်လင်းထွန်း (၁၉)နှစ် ရိုးမစတိုးဆိုင် (အလုပ်သမား) ပဲခူးမြို့နေသူက ဆိုင်ကယ်ဖြင့်နောက်မှ ဝင်တိုက်သဖြင့် မသီသီထွန်း ပြုတ်ကျသွားစဉ် အသင့်ပါလာသော ဓားနှင့်ထိုးသဖြင့် ညာဘက်ခါးတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဦးခေါင်းတွင် ဖူးရောင်ဒဏ်ရာများ ရရှိပြီး ပဲခူးဆေးရုံတွင် အတွင်းလူနာ (စိုးရိမ်ရ)ဖြင့် ဆေးကုသလျက်ရှိကြောင်း၊ ဝင်းသူအောင်အား ပဲခူး အမှတ် (၁) ရဲစခန်းမှ (ပ)၂၈၅/၂၀၁၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၈/၃၂၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၄၀၃)**

## နည်းပညာတက္ကသိုလ်မှ ကျောင်းသားတစ်ဦးသေဆုံး

မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် နယ်မြေ (၂) ရှိ ရွှေပြည့်စုံဘော်ဒါဆောင်မှ မိတ္ထီလာနည်းပညာတက္ကသိုလ်မှ BE နောက်ဆုံးနှစ်ကျောင်းသားများဖြစ်သော ကျော်ဇင်လတ် (၂၂) နှစ်နှင့် သူငယ်ချင်း ဝိုင်းသက်ပိုင် (၂၁) နှစ်တို့သည် မေ ၃ရက်ညနေတွင် အဆောင်၌ အတူဆော့ကစားနေကြသည်ဆို၏။ ထိုစဉ် ကျော်ဇင်လတ်မှာ ရင်ဘတ်အောင့်သည်ဟုပြောပြီး နောက်သို့ လဲကျသွားသဖြင့် သူငယ်ချင်းများဝိုင်းဝန်းပြုစုသော်လည်း စကားမပြောနိုင်ဖြစ်နေသဖြင့် မိတ္ထီလာဆေးရုံသို့ တင်ပို့လိုက်ရသည်။ ဆေးရုံအရောက်တွင် ကျော်ဇင်လတ်မှာ သေဆုံးသွားခဲ့သည်။ ကျော်ဇင်လတ်မှာညောင်ဦးမြို့နယ်က ဖြစ်သည်ဆို၏။ ကျော်ဇင်လတ်သေဆုံးမှုကို အမှတ်(၂) ရဲစခန်းက သေမှုသေခင်း (၃၃/၂၀၁၃) ဖြင့် ရေးဖွင့်ထားသည်။

**(တင်လှိုင် -မိတ္ထီလာ)**

## သုံးခွ၌ ဆိုင်ကယ်ပေါ်မှပြုတ်ကျသေဆုံးမှုဖြစ်ပွား

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့၌ ဧပြီ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ သေဆုံးကြောင်း သတင်းအရ သုံးခွမြို့ ပြည်သူ့ဆေးရုံသို့ တာဝန်မှူးသွားရောက်စစ်ဆေးခဲ့ရာ ကိုမင်း (ခ) ရဲမင်းနိုင် မောင်းနှင်လာသော ဆိုင်ကယ်ဂျက်လမက် - ၁၂၅ နက်ပြာရောင်ဆိုင်ကယ် ၂၄ယ/. . . နောက်မှ လိုက်ပါစီးနင်းလာသူ မစန်းစန်းအေး (၃၇)နှစ် နန်းခလဲကျေးရွာ သုံးခွမြို့နယ်နေသူသည် သန်လျင်မြို့တွင် နှလုံးရောဂါဖြင့်ဆေးကုသပြီး သုံးခွမြို့သို့ပြန်လာရာ အနောက်ကျေးရွာနှင့် သုံးခွမြို့အကြား အနောက်မှအရှေ့သို့ မောင်းနှင်လာစဉ် ဆိုင်ကယ်ပေါ်မှပြုတ်ကျပြီး အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သုံးခွမြို့ ရဲစခန်းမှ ယာဉ်(ပ) ၉/၂၀၁၃ ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး အမှုစစ်အရာရှိ ဒုရဲအုပ် သက်နောင်စိုးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(တံတားကျော်လွင်)**

## အမည်မသိ အလောင်းတစ်လောင်းတွေ့ရှိ

မေ ၄ ရက်ညနေ ၅ နာရီခန့်တွင် မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာရှိ ညောင်ကျွတ်ကွင်းအမှတ်(၃၅၂) ယာကွက်ပိုင်ရှင် ဦးမောင်အို၏ ယာကွက်ထဲ၌ ပုပ်ပွနေသည့် အသက်(၅၆)နှစ်ခန့်ရှိ အမည်မသိ အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိကြောင်း ထီးဆောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက မြင်းမူရဲစခန်းသို့ အကြောင်းကြားခဲ့ရာ စခန်းမှတာဝန်မှူး ဒုရဲအုပ် ထွန်းသိန်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။

မြင်းမူရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် (၃/၂၀၁၃) ဖြင့် ဖွင့်လှစ်၍ စခန်းမှူး ရဲအုပ်သောင်းတင်က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(၆၂၄)**



# မြန်မာ့ရတနာဘဏ်လီမိတက်(Treasure Bank of Myanmar Ltd)

# နာမည်သစ်သို့ ပြောင်းလဲသတ်မှတ်မည့်

# မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ ကြေညာချက်

၁။ ၅-၅-၂၀၁၃ရက် မွန်းလွဲ(၁၃း၀၀)နာရီအချိန်တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့၏ စုံညီညီနိုင်းအစည်းအဝေး(၁၂/၂၀၁၂-၁၃)၏ သဘောတူ ဆုံးဖြတ်ချက်အရ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အား"မြန်မာ့ရတနာဘဏ်လီမိတက်**(Treasure Bank of Myanmar Ltd)**" နာမည်သစ်သို့ပြောင်းလဲ မည်ဖြစ်ပါသည်။

၂။ အထက်ပါကိစ္စရပ်နှင့်ပတ်သက်၍ စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲ (Press Meeting)အား ၁၂-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း၊ အမှတ် (၁၃၀)၊ ယုဇနဟိုတယ်၊ **(Ball Room)** တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၃။ မြန်မာ့ရတနာဘဏ်လီမိတက်**(Treasure Bank of Myanmar Ltd)**" နာမည်သစ်သို့ ပြောင်းလဲမည့် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်၏ နောက်ခံသမိုင်း(အကျဉ်း)နှင့် အဆင့်ဆင့်အောင်မြင်တိုးတက်မှု(အကျဉ်း)အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အား (၁၉၉၀)ခုနှစ် ပြဋ္ဌာန်းထားသော မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေနှင့်အညီ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်လိုင်စင်အမှတ်၊ မဗဘ/ပီ-၁၅/(၂)၉၆ဖြင့် ၁၅-၂-၁၉၉၆ရက်တွင် စတင်ဖွဲ့စည်းဖွင့်လှစ်ခဲ့ပါသည်။

(ခ) စတင်ဖွင့်လှစ်စဉ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(ယခင်-ကုန်သွယ်ရေးဝန်ကြီးဌာန)မှ ကြပ်မတ်ကွပ်ကဲခဲ့သော်လည်း အများပိုင်ဘဏ် **(Public Bank Ltd)**အဖြစ် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ ၆-၉-၁၉၉၈ရက်စွဲပါ စာဖြင့် ညွှန်ကြားချက်အရ လုပ်ငန်းသဘော သဘာဝဆက်စပ်မှုရှိသည့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး ဌာနမှ ၎င်းဘဏ်အား ၁-၁-၁၉၉၉ရက်တွင် လွှဲပြောင်းလက်ခံကြပ်မတ်ကွပ်ကဲခဲ့ပါသည်။

(ဂ) ဘဏ်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၆ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘဏ်၏မတည်ငွေရင်းမှာ အစုရှယ်ယာတစ်စုလျှင် ကျပ်(၅)သိန်းတန်ဖိုးရှိ အစုရှယ်ယာ ပေါင်း(၄၀၀၀)၊ ကျပ်သန်းပေါင်း (၂၀၀၀)သတ်မှတ်ခဲ့ပြီး ကျပ်သန်းပေါင်းတစ်ထောင်အား မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ဝန်ထမ်းသက်သာရန်ပုံငွေမှ ခေတ္တထည့်ဝင်ချေးပေးခဲ့ပါသည်။ အဆိုပါ ချေးယူငွေအားလုံး (ကျပ်သန်းတစ်ထောင်)(အရင်း/အတိုး)ကို (၂၀၀၄)ခုနှစ်၊ ဧပြီလတွင် အပြီးအပိုင် အကြေအလည် ပြန်လည်ပေးဆပ်ခဲ့ပြီး အများပိုင်ဘဏ်**(Public Bank Ltd)**စစ်စစ်အနေဖြင့် ဆက်လက်ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) အများပြည်သူများသို့ အစုရှယ်ယာတစ်စုလျှင် ကျပ်(၅)သိန်းနှုန်းဖြင့် ရောင်းချပေးခဲ့ရာ ၂၀၁၂မေလအထိ အများပိုင်အစုရှယ်ယာ မတည်ငွေရင်းမှာ ကျပ်သန်းပေါင်း(၃၅၀၀၀)တိတိရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

(င) ဆက်လက်ပြီးခွင့်ပြုမတည်ငွေရင်း ကျပ်သန်းပေါင်း(၃၅၀၀၀)မှ ကျပ်သန်းပေါင်း(၇၀၀၀၀)ထိ တိုးမြှင့်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ ယခုဘဏ္ဍာရေး နှစ်တွင် အမြတ်ဝေစုအား(၂၅%)ထိ ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(စ) ၁၅-၂-၁၉၉၆ရက်နေ့ ဘဏ်စတင်ဖွင့်လှစ်စဉ်(ရန်ကုန်-ရုံးချုပ်)နှင့် ဘဏ်ခွဲ(၃)ခုသာရှိသော်လည်း ၅-၅-၂၀၁၃ရက်တွင် (ရန်ကုန်-ရုံးချုပ်)အပါအဝင် ဘဏ် (၆၀)တိတိ ဖွင့်လှစ်နိုင်ခဲ့ပြီး ဆက်လက်၍ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ်ခွဲအသစ်များတိုးချဲ့ဖွင့်လှစ်ရန် စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) ၎င်းဘဏ်အနေဖြင့် (၁၉၉၀-၂၀၀၀)ဘဏ္ဍာရေးနှစ်တွင် အပ်ငွေအမျိုးအစားအလိုက် ကျပ်သန်းပေါင်း(၂၃၆၁)သာရှိခဲ့သော်လည်း (၂၀၁၂- ၂၀၁၃) ဘဏ္ဍာရေးနှစ်တွင် အပ်ငွေအမျိုးအစားအလိုက် ကျပ်သန်းပေါင်း (၃,၆၇,၅၃၈)တိတိရှိနေပြီဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၄။ မြန်မာ့ရတနာဘဏ်လီမိတက်**(Treasure Bank of Myanmar Ltd)**၏ အမှတ်တံဆိပ်(Logo)မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မြန်မာ့ရတနာဘဏ်လီမိတက်
TREASURE BANK OF MYANMAR LTD

၅။ အများပြည်သူများသိရှိနိုင်ပါရန် အသိပေးကြေညာအပ်ခြင်းဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

ရက်စွဲ။ ။၅-၅-၂၀၁၃
နေရာ။ ။ရန်ကုန်မြို့

ဘဝတစ်ကွေ့တွေ့ကို

# ပတ်ဝန်းကျင်ကောင်းတစ်ခုကို တည်ဆောက်ပေးကြရအောင်

ကိုကိုသက်

"ငါတို့ကုမ္ပဏီက လူကြီးတွေက စည်းကမ်းကြီးတယ်ကွ၊ မင်းတို့ ကြားဖူးတယ်မဟုတ်လား။ မီးပွိုင့်မှာ မီးနီနေတာကိုဖြတ်လို့ နိုင်ငံခြားသားအလုပ်ရှင်က မြန်မာဒရိုင်ဘာကို အလုပ်ဖြုတ်လိုက်တယ်ဆိုတာလေ။ ငါတို့ကုမ္ပဏီက လူကြီးတစ်ယောက်ဆိုလည်း နိုင်ငံခြားခရီးစဉ်ရှိလို့ သူ့ကို မနက်အစောကြီး လေဆိပ်ကိုလိုက်ပို့တာမှာ ဒရိုင်ဘာက ကားလည်းရှင်းနေတာနဲ့ မီးပွိုင့်မှာ မီးနီနေပေမယ့် မရပ်ဘဲ ဆက်မောင်းလိုက်တာပေါ့။ သူက လေဆိပ်မှာဆင်းနေလိုက်ပြီး ငါ့ဆီ ဖုန်းနဲ့လှမ်းပြောတယ်။ အဲဒီ ဒရိုင်ဘာကို လခ သုံးလစာပေးပြီး အလုပ်ဖြုတ်လိုက်တဲ့။

"ပထမတော့ ငါလည်း ဒရိုင်ဘာမူးပြီး နောက်ကျလို့လား၊ အရက်နံ့တွေ ဟောင်နေလို့လား၊ မချေမငံ ပြန်ပြောလို့လား ထင်တာပေါ့။ ဒါနဲ့ ဒရိုင်ဘာရဲ့အပြစ်ကို မေးတော့မှ အဲဒီလိုပဲ မီးပွိုင့်မှာ ဖြတ်တာကို ပြောတယ်။ စည်းကမ်းမလိုက်နာတဲ့ အပြစ်ဟာ အရမ်းကြီးတယ်တဲ့။ မီးပွိုင့်က မီးနီပြထားတယ်တဲ့၊ အဲဒါကို လေးစားလိုက်နာရမှာတဲ့။ ကားရှင်းနေတာကြောင့်ဖြစ်တာပါလို့ အကြောင်းပြချက်ပေးလို့ မရဘူးတဲ့၊ ငါလည်း စိတ်မကောင်းပေမယ့် ကိုယ့်ထက်အကြီးက ခိုင်းတာဆိုတော့ လုပ်လိုက်ရတယ်"

အသံကျယ်ကျယ်ပြောတတ်သော သောင်းဒန်စကားသံကြောင့် သူတို့အားလုံး၏အကြည့်က သောင်းဒန်နှင့် လှဖုန်းမြင့်တို့ဘက်ဆီသို့ ရောက်သွားသည်။ အခြားသူငယ်ချင်းတွေ သူတို့ဘက် အာရုံရောက်နေသည်ကိုမသိဘဲ သောင်းဒန်စကားဆုံးတော့ လှဖုန်းမြင့်က

"ငါတော့ မင်းပြောတဲ့ လူကြီးကို သိပ်သဘောကျတယ်၊ ဟုတ်တယ်။ စည်းကမ်းက နိုင်ငံတိုးတက်ဖို့အတွက် အရမ်းအရေးပါတယ်။ ငါတို့ဆီမှာကြည့်၊ အမှိုက်မပုံရဆိုလည်း ပုံတာပဲ၊ မီးနီမဖြတ်ရဆိုလည်း ဖြတ်နေကြတာပဲ၊ လူတွေမျဉ်းကျားကဖြတ်ပါဆိုလည်း မဖြတ်ဘူး၊ အရေးယူတာကို ပြတ်ပြတ်သားသားလုပ်ပစ်လိုက်မှ တိုင်းပြည်ကောင်းမယ်။ ငါတို့နိုင်ငံသားတွေက စည်းကမ်းပိုင်းဆိုင်ရာမှာ တော်တော်လျော့ရဲတယ်။ ဂျပန်မှာဆို မီးပွိုင့်က မီးနီနေရင် ကားရှင်းတာ မရှင်းတာ လာမပြောနဲ့၊ မဖြတ်ကြဘူး။ လမ်းဖြတ်ကူးတဲ့သူကလည်း လူကူးမျဉ်းကျားကဖြတ်ဖို့ မီးစိမ်းမှဖြတ်တယ်၊ ဒါကြောင့် ဂျပန်တွေတိုးတက်တာ၊ ငါတို့နိုင်ငံမှာကတော့ နိုင်ငံတစ်ဝန်းလုံး လိုက်ကြည့်၊ ကားတွေရော၊ လူတွေရော သွားချင်သလိုသွား လာချင်သလိုလာနေကြတာပဲ၊ စည်းကမ်းသိပ်အားနည်းတယ်၊ မီးပွိုင့်တွေကလည်း ပျက်နေတာကများ၊ မျဉ်းကျားတွေကလည်း မထင်ရှား၊ မသိသာဆိုတော့ ကွက်တိကျနေတာပေါ့၊ စည်းကမ်းမဲ့သူကို ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးတာမျိုးနဲ့ စည်းကမ်းကို ပြန်လည်တည်ဆောက်ရမယ်လို့ ငါထင်တယ်၊ သူများနိုင်ငံတွေလို ကြိမ်ဒဏ်မျိုး ဒီမှာကျင့်သုံးရင် ဘယ်လိုများနေမလဲ မသိဘူးဆိုပြီး တစ်ခါတလေ တွေးမိတယ်သိလား၊ အကြောက်တရားနဲ့မှ စည်းကမ်းကကိုင်လို့ ကောင်းတယ်ထင်လို့လေ"

အဲဒီအချိန်မှာပဲ ဇာနည်မောင်နှင့် စကားပြောနေရာက မြတ်သူက သူ့အမြင်ကို ဝင်ပြောတော့သည်။

"ငါကတော့ မင်းတို့ပြောတဲ့ ကားရှင်းနေလို့ မီးနီမီးပွိုင့်ဖြတ်တာကို အရေးယူတယ်ဆိုတာ သဘောမကျပါဘူးကွာ၊ မီးပွိုင့်ဆိုတာ ယာဉ်တွေမတိုက်အောင် လုပ်ပေးထားတာ၊ ယာဉ်တိုက်စရာမရှိဘဲ ဒီလောက်ရှင်းနေတဲ့အချိန်မှာ မီးနီတာ၊ မီးစိမ်းတာ ဂရုစိုက်စရာ မလိုဘူးလို့ ငါမြင်တယ်၊ ဖြတ်လိုက်တော့ ဘာဖြစ်လဲ၊ အချိန်ကုန်တောင် သက်သာသေးတယ်။ ငါ ဂျပန်ကို ခဏရောက်တုန်းကလည်း လမ်းသွယ်လေးတွေမှာ မီးနီနေရင် အများစုကတော့ ကားရှင်းရှင်း မရှင်းရှင်း မဖြတ်ဘူး၊ အချိန်ကုန်ခံပြီး ရပ်စောင့်ကြတယ်၊ ကားကို မြင်နေရတာပဲ၊ ကိုယ့်ကို မတိုက်နိုင်ဘူး၊ သူ့အရှိန်ကိုလည်း ထိခိုက်စရာမရှိဘူးဆိုရင် ငါကတော့ ဖြတ်တာပဲ။ ငါ့လို ဖြတ်တဲ့လူတချို့လည်း ရှိတာပါပဲ၊ ငါကတော့ လိုရင် စည်းကမ်းလိုက်နာမယ်၊ မလိုရင် စည်းကမ်းကို ဂရုမစိုက်နိုင်ဘူး၊ မီးပွိုင့်ကိုလည်း လေးစားစရာ မလိုပါဘူး၊ သူက သက်မဲ့ပဲဟာ၊ ကားရှင်းနေရဲ့သားနဲ့ ရပ်နေတာ ကြောင်တာပဲကွ၊ အချိန်လည်း ကုန်တယ်"

နေလင်းနှင့် ကားအသစ်တစ်စီး ဝယ်ဖို့ပြောနေသည့် သိန်းနိုင်က သူထင်ရာကို ဝင်ပြောဖို့ပြင်သည်။ သူဝင်ပြောတာက သောင်းဒန်တို့၊ လှဖုန်းမြင့်တို့၊ မြတ်သူတို့ ပြောတာနှင့် တိုက်ရိုက်ကြီး ပတ်သက်မနေ။ သူက အချိန်ဆိုတာကိုကြားပြီး

"ငါတို့ ကျောင်းတုန်းက ဆရာ ဦးဝင်းလှိုင်ပြောတာ သတိရတယ်။ ဆရာက စည်းကမ်းတွေ၊ ကလနားတွေ သိပ်သဘောမကျဘူးလေ၊ အချိန်ပြောင်း ခေါင်းလောင်းတီးတာနဲ့ ဆရာ ဆရာမ အများစုကတော့ သင်လက်စသင်ခန်းစာကို လက်စသတ်၊ နောက်နေ့ဆက်သင်မယ်ဆိုပြီး အတန်းပြီးလိုက်တာပဲ။ ဆရာဦးဝင်းလှိုင်ရဲ့ အိုင်ဒီယာကတော့ ရုပ်ကြမ်းနည်းနည်းဆန်တယ်၊ တိရစ္ဆာန်အချို့ပေါ့လေ၊ သူပြောတော့ ပြောပါတယ်၊ ငါမေ့နေလို့၊ အလုပ်လုပ်နေရာကနေ အစားစားဖို့အချိန်ရောက်လို့ အချက်ပေးခေါင်းလောင်းတီးပြီဆိုရင် လုပ်လက်စကိုရပ်ပြီး လုံးဝကို အလုပ်ဆက်မလုပ်တော့ဘဲ အစားစားဖို့ပဲ သွားတော့တယ်တဲ့၊ ငါတို့ကလူတွေတဲ့၊ သူ့ဘာသာသူအချိန်ပြောင်းခေါင်းလောင်း ထိုးထိုး၊ ဘာဖြစ်ဖြစ်၊ ငါကတော့ သင်လို့မပြီးသေးရင် ပြီးအောင်ဆက်သင်မှာပဲတဲ့၊ တကယ်လည်း ဆရာ့အချိန်မှာ စာသင်တာမပြီးသေးလို့ကတော့ နောက်ဆရာ ဆရာမတွေ စောင့်ပေတော့ပဲ၊ ဟုတ်တယ်မဟုတ်လား၊ သူသင်တာပြီးမှ အခန်းထဲက ထွက်တယ်၊ တော်တော်များများကတော့ သူများအချိန် ရောက်ရောက်သွားတာပဲလေ၊ မင်းတို့ မှတ်မိတယ် မဟုတ်လား"

သိန်းနိုင်ဝင်ပြောတာက စည်းကမ်းကို သတ်သတ်မှတ်မှတ် လိုက်နာတာကို မကြိုက်တာလား၊ ကြိုက်တာလား ဝေခွဲ၍မရ။ ဒါက သူ့အကျင့်ဖြစ်သည်။

"အဲလိုလုပ်လို့ မရဘူး၊ အဲသလိုလုပ်ရင် အချိန်တွေ ကိုးလိုးကန့်လန့်ဖြစ်ကုန်မယ်။ ငါကတော့ ဆရာမှားတယ်လို့ထင်တယ်။ ကိုယ့်အချိန်နဲ့ကိုယ် အချိန်ကိုက်သင်မှကိုဖြစ်မယ်၊ ဒီ့ပြင်ဆို မင်းကြည့်လေ၊ နောက်ဆရာက အခန်းဝမှာ စောင့်နေရပြီ၊ သူ့အချိန်တွေ ပါသွားတော့ သူသင်မယ့် ဘာသာရပ်အတွက် သူပြင်ဆင်လာတဲ့အချိန် မလုံလောက်တော့ဘူး၊ တစ်ယောက်စီက အဲလိုအချိန် နည်းနည်းစီပိုယူသွားရင် အချိန်မကိုက်တော့ဘူးလေ။ ဒါက စည်းကမ်းလေ။ စည်းကမ်းကို ဒီလိုတစ်ယောက်က ဝင်ဖောက်လိုက်တာနဲ့ ကျန်တာတွေပါ အကုန်အဆင်မပြေတော့ဘူး။ ဒါတစ်ခုတည်းလားဆိုတော့ မဟုတ်သေးဘူး၊ ကျောင်းသားတွေအတွက်လည်း ကြည့်ရမယ်။ လူတစ်ယောက်ရဲ့ မှတ်ဉာဏ်က တစ်ဆက်တစ်စပ်တည်း မိနစ် ၄၀၊ ၄၅ မိနစ်ပဲ မှတ်နိုင်တယ်လို့ဆိုတယ်။ ဆရာက စေတနာနဲ့ တစ်နာရီသင်လည်း ကျောင်းသား ကျောင်းသူအတွက် အကျိုးမရှိဘူး၊ သူ့သတ်မှတ်ထားတဲ့အချိန်အတိုင်း၊ စည်းကမ်းအတိုင်းပဲ သင်ရမယ်၊ စည်းကမ်းကို လိုက်နာရမယ်"

စိုးမိုးလွင်က သိန်းနိုင်စကားကို ဝင်ကန့်ကွက်သည်။ ဘယ်အချိန်ကတည်းက ဝင်ပြောဖို့ ချောင်းနေမှန်း မသိသည့် ကိုကိုသက်က "ငါတို့ အမြောက်တပ်က ဆရာကြီးတွေရှိတယ်၊ အချိန်နဲ့ပတ်သက်လာရင် လုံးဝစည်းကမ်းရှိသလား မမေးနဲ့။ ရုံးလာတာမှာ ဗဟိုကင်းက ခရာမမှုတ်သေးရင် စောရောက်နေပေမယ့် ရုံးထဲ လုံးဝမဝင်သေးဘဲ တံစက်မြိတ်အောက်မှာ ရပ်နေတယ်။ ခရာမှုတ်မှ ရုံးထဲဝင်တယ်။ ရုံးဆင်းချိန်ဆိုလည်း ဒီလိုပဲ။ အချိန်အတိအကျကိုဆင်းတာ။ နာရီစောကြည့်မိပြီး အချိန်လေးနည်းနည်းလောက် ပိုစောဆင်းမိရင်တောင် ခရာမမှုတ်သေးရင် တံစက်မြိတ်အောက်က မထွက်ဘူး၊ ခရာမှုတ်သံကြားမှ အိမ်ပြန်တယ်၊ ဒါက အချိန်နဲ့ပတ်သက်လို့ ပြောတာ။ စစ်ဝတ်စုံဝတ်တာ၊ သွားတာ၊ လာတာမှာလည်း စည်းကမ်းအတိုင်းပဲ၊ အတိအကျပဲ၊ ငါတို့ကတော့ စည်းကမ်းနဲ့ညီတာကို သဘောကျတယ်၊ ကားရှင်းရှင်း မရှင်းရှင်း မီးနီနေရင် ရပ်ရမယ်၊ မီးစိမ်းရင် သွားမယ်၊ ဒါကို လိုက်နာရမယ်၊ သောင်းဒန်တို့ကုမ္ပဏီက လူကြီးယာဉ်မောင်းကို အလုပ်ဖြုတ်တာ မှန်တယ်၊ ငါ သဘောတူတယ်၊ အများနဲ့လုပ်တဲ့အခါ အဲဒီလို မလုပ်လို့မရဘူး၊ စည်းကမ်းမရှိဘဲ နားလည်မှုနဲ့ လုပ်ကြည့်၊ ဘယ်တော့မှ မအောင်မြင်ဘူး၊ ငါတော့ အဲဒီလိုပဲ ယူဆတယ်"

"ဟုတ်တယ် ကိုကိုသက်၊ ငါတို့နိုင်ငံကို အခုဆိုနိုင်ငံတကာက လာကြ၊ ရင်းနှီးမြှုပ်နှံဖို့ ဆွေးနွေးကြ၊ လည်ပတ်ကြနဲ့ အခုဆို ဘယ်နေရာကြည့်လိုက်ကြည့်လိုက် နိုင်ငံခြားသားတွေ တွေ့နေရတယ်။ ငါတို့လူမျိုးနဲ့ပတ်သက်ပြီး ကောင်းတဲ့မှတ်ချက်ကိုပဲ ရစေချင်တယ်။ စည်းကမ်းမရှိတဲ့ လူမျိုး၊ မညီညွတ်တဲ့ လူမျိုး၊ ပျင်းရိတဲ့ လူမျိုး၊ ညံ့ဖျင်းတဲ့ လူမျိုးလို့ထင်သွားမှာကို ငါသိပ်စိုးရိမ်တယ်။ စည်းကမ်းပိုင်းဆိုင်ရာမှာ အားနည်းနေတာကို ဘယ်က စပြင်ရင် ကောင်းမလဲ၊ ငါ အမျိုးမျိုးစဉ်းစားကြည့်တယ်၊ ငါ့မိတ်ဆွေ ကိုဇော်မင်းဦးပြောသလိုပဲ၊ သေမှပြင်မဲ့သူတွေဆိုတာမျိုးများ ဖြစ်နေသလား မသိပါဘူးကွာ"

"ဆင်းရဲလို့ စည်းကမ်းမရှိတာလား"

"မဆိုင်ဘူးကွ၊ ကားကောင်းကြီးတွေစီးပြီး ကားပေါ်ကနေ ကွမ်းတပျစ်ပျစ်နဲ့၊ စားပြီးသားတွေ ပစ်ချ၊ ပလတ်စတစ်အိတ်တွေ ပစ်ချနေတာ၊ မီးနီကို ဖြတ်နေတာ၊ တန်းမစီဘဲ ကြားဖြတ်ချင်တာ မင်းတွေ့ဖူးတယ် မဟုတ်လား။ ဆင်းရဲတာ၊ ချမ်းသာတာနဲ့ မဆိုင်ဘူး"

"စာမတတ်တာ၊ ပညာမတတ်တာနဲ့ရော ဆိုင်မလား"

"ငါတော့ မထင်ဘူးကွ၊ ငါတို့နိုင်ငံက စာတတ်သူအရေအတွက်က အရှေ့တောင်အာရှမှာရော၊ အာရှမှာရော မြင့်တာပဲ၊ စာမတတ်တာနဲ့တော့ ဆိုင်မယ်မထင်ဘူး၊ စာမဖတ်တာနဲ့တော့ ဆိုင်ချင် နည်းနည်းဆိုင်နိုင်တယ်"

"စင်ကာပူတို့လို၊ မလေးရှားတို့လို ကြိမ်ဒဏ်ပေးတာအပြင် ပြင်းပြင်းထန်ထန်အပြစ်ပေးတဲ့နည်းနဲ့ စည်းကမ်းကိုင်ရင်ကော ရနိုင်မလား"

"ဒါက နောက်ဆုံးအဆင့်ပေါ့ကွာ၊ ပြစ်ဒဏ်ပေးမှာကြောက်လို့ထက် အသိစိတ်ဓာတ်နဲ့က ပိုကောင်းတာပေါ့၊ ပြစ်ဒဏ်မပေးတော့တဲ့အခါ ဒုံရင်းက ဒုံရင်းပဲ ပြန်ဖြစ်သွားနိုင်တယ်လေ"

"ဒါပေမယ့် အသိစိတ်ဓာတ်မရှိကြသေးတာက ခက်တယ်ကွာ"

"ပတ်ဝန်းကျင်ကောင်းတစ်ခု တည်ဆောက်ပေးဖို့လိုတာလို့ ငါထင်တယ်၊ မင်းတို့ ပြန်မြင်ယောင်ကြည့်၊ လေဆိပ်ကြီးတွေ၊ ဟိုတယ်ကြီးတွေ၊ ခံ့ညားထည်ဝါတဲ့ အဆောက်အအုံကြီးတွေထဲမှာ၊ ကိုယ့်ပုံရိပ်ကိုတောင် ကိုယ်ပြန်မြင်ရလောက်အောင် တောက်ပြောင်နေတဲ့နေရာတွေမှာ မင်းတို့တော့ မသိဘူး၊ ငါကတော့ တံတွေးထွေးဖို့၊ တွေ့ကရာနေရာ အမှိုက်ပစ်ချဖို့မပြောနဲ့၊ ဖိနပ်ရာလေးထင်သွားမှာကိုတောင် စိုးရိမ်စိတ်ဖြစ်မိတယ်၊ ဒီလိုပဲ နိုင်ငံခြား

> "ကိုယ့်ပုံရိပ်ကိုတောင် ကိုယ်ပြန်မြင်ရလောက်အောင် တောက်ပြောင်နေတဲ့ နေရာတွေမှာ မင်းတို့တော့ မသိဘူး၊ ငါကတော့ တံတွေးထွေးဖို့၊ တွေ့ကရာနေရာ အမှိုက်ပစ်ချဖို့ မပြောနဲ့ ဖိနပ်ရာလေး ထင်သွားမှာ ကိုတောင် စိုးရိမ်စိတ်ဖြစ်မိတယ်"

ခရီးစဉ်တွေသွားရင် သူတို့လေဆိပ်တွေမှာ၊ စူပါမားကတ်တွေမှာ ငွေချေဖို့ တန်းစီရတဲ့အခါ တန်းစီရတာကိုတောင် ဂုဏ်ယူမိတယ်၊ အမှိုက်ကိုလည်း အမှိုက်ပုံးမတွေ့သေးရင် တွေ့တဲ့နေရာမပစ်ဘဲ လက်ထဲကိုင်ထားပြီးအမှိုက်ပုံးတွေ့မှ စွန့်ပစ်ဖြစ်တယ်၊ ဒါက ဘာကိုပြောတာလဲဆိုရင် ပတ်ဝန်းကျင်ကောင်းရှိရင် လူတွေက အဲဒီနောက် လိုက်ပါသွားကြတာပဲ၊ စည်းကမ်းလိုက်နာမှုများတဲ့သူတွေများရင် ကျန်တဲ့လူတွေပါ စည်းကမ်းရှိသွားတယ်၊ စည်းကမ်းလိုက်နာမှု အားနည်းတဲ့သူများရင် စည်းကမ်းရှိတဲ့သူပါ စိတ်ဓာတ်ပျက်သွားတယ်"

"ကိုယ့်နိုင်ငံကို တိုးတက်ကြီးပွားစေချင်တဲ့သူ၊ ကမ္ဘာ့အလယ်မှာ မြန်မာလို့ ဟစ်ကြွေးချင်တဲ့သူ၊ စည်းကမ်းရှိချင်တဲ့သူက အများကြီးပါ။ အခုက အုတ်ရောရောကျောက်ရောရော ဖြစ်နေကြတယ်၊ သန့်ရှင်းနေတဲ့နေရာမှာ ညစ်ပတ်အောင်လုပ်ဖို့ ဝန်လေးပေမယ့် ညစ်ပတ်နေတဲ့နေရာမှာ ထပ်ညစ်ပတ်အောင်လုပ်ရမှာကို ဝန်မလေးဘူးပေါ့ကွာ"

"အစိုးရကလည်း ပညာပေးစည်းရုံးမှုတွေ လုပ်နေတာပါပဲ။ အစိုးရတစ်ဖွဲ့တည်းနဲ့တော့ လုပ်လို့မရဘူး။ အားလုံးပါမှ ရမယ်၊ မင်းတို့ ငါတို့ပါ ဝိုင်းကူရမယ်"

"ကိုယ်ကိုယ်တိုင်၊ ကိုယ့်အသိုင်းအဝိုင်း၊ ကိုယ့်နီးစပ်ရာကို စည်းကမ်းလိုက်နာဖို့ အရင် စည်းရုံးလုပ်ဆောင်၊ ပြီးတော့မှ တဖြည်းဖြည်း တိုးချဲ့သွား၊ သိပ်မကြာခင် အားလုံးကူးစက်သွားလိမ့်မယ်လို့ ငါထင်တယ်"

"အများစုက နိုင်ငံကြီးသား စိတ်ဓာတ်မွေးပြီး လုပ်သွားကြရင် ဘာမှမကြာဘူးလို့ ငါတော့ မြင်တယ်"

"ငါလည်းထောက်ခံတယ်"

"ငါလည်း သဘောတူတယ်၊ စည်းကမ်းရှိချင်တယ်၊ ဒါပေမယ့် အများသူငါက ဒီလိုပဲဆိုတော့ ငါတို့လည်း မိုးခါးရေလိုက်သောက်နေရသလို ဖြစ်နေတယ်၊ ဒါကို ပြင်နိုင်ဖို့ လိုတယ်"

"စည်းကမ်းကောင်းတဲ့သူကိုပဲကြည့်ပြီး အတုယူရမယ်၊ စည်းကမ်းမဲ့တဲ့သူကို သွားအလေးထားလို့ မရဘူး၊ ဒါဆို ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်လာမယ်"

"ပတ်ဝန်းကျင်ကောင်း တည်ဆောက်ဖို့လိုတယ်ဆိုတာ မှန်တော့ မှန်ပါတယ်၊ ဒါပေမယ့် ဂျပန်နိုင်ငံလို စည်းကမ်းရှိတဲ့သူတွေထဲမှာတောင် မြတ်သူတို့လို လူတွေကျတော့ ဘယ်လိုလုပ်မလဲ။ ဒီလောက် ပတ်ဝန်းကျင်ကောင်းတဲ့နေရာမှာတောင် လမ်းကူးချင်သလို ကူးခဲ့တာဆိုတော့"

"ခွေးကောင်၊ စကားအကောင်းပြောနေတာကို ဖောက်ပြီ"

"သောင်းဒန် မင်းဒီနေ့ကစပြီး ကားမောင်းရင် မီးနီမဖြတ်နဲ့၊ သတိထား"

"မင်းတို့ ပြောရမှာက သိန်းနိုင်၊ ဒီကောင်က ကွမ်းတံတွေး တပျစ်ပျစ်နဲ့ဆိုတော့"

"ငစောလည်း ဘာထူးလဲ၊ ဆေးလိပ်ပြာတွေ ဟိုခြွေချ၊ ဒီခြွေချ၊ ဆေးလိပ်တို ဟိုပစ်ဒီပစ်နဲ့ ဒီနေ့ကစပြီး ပြင်ဖို့လိုပြီ"

"နေလင်းကိုလည်း လမ်းကူးရင် လူကူးမျဉ်းကျားက ကူးခိုင်းဦး၊ ဒီကောင် (၅၁) လမ်းရုံးသွားရတာ ဘယ်နှကြိမ်ရှိနေပြီလဲ"

"ဆန်းယု မင်းလည်း စည်းကမ်းရှိဖို့လိုတယ်၊ စည်းမဲ့ကမ်းမဲ့ ခွဲလို့ တော်ကြာ ဗိုက်ထဲမှာ ကတ်ကြေးကျန်နေခဲ့ဦးမယ် သတိထားဦး"

"လှမိုးကို ပြောရမှာ။ ဒီကောင်က ကောင်းတဲ့သွားနဲ့ မကောင်းတဲ့သွား မှားပြီး နုတ်မိနေမှ တရားစွဲခံရမှာ"

နယ်မြို့လေးမှ ရန်ကုန်တွင် အခြေချနေသော သူတို့အုပ်စု။ တချို့က မူလတန်းကတည်းက သူငယ်ချင်းများ၊ တချို့က အလယ်တန်း၊ အထက်တန်းရောက်မှ ပေါင်းမိကြသူများ၊ အားလုံးက တက္ကသိုလ်ရောက်တော့ ဆက်ပေါင်းသင်းကြရင်း အခုလို ကိုယ်စီကိုယ်စီ အလုပ်တွေနဲ့ ဖြစ်နေကြသည်အထိ လက်တွဲမပျက်ကြ။ သူတို့သူငယ်ချင်းအုပ်စု၏ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်တွေကအမျိုးမျိုး။ သင်္ဘောတွင် ပထမတန်းအရာရှိဖြစ်နေသူ၊ နိုင်ငံခြားတွင်အလုပ်လုပ်ခဲ့ပြီး စုဆောင်းငွေလေးဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်နေသူ၊ ပြည်တွင်းကုမ္ပဏီ၊ ဟိုတယ်များတွင် အလုပ်လုပ်နေသူ၊ ဆရာဝန်၊ ကျောင်းဆရာ၊ တပ်မတော်မှ အငြိမ်းစားအရာရှိ၊ နိုင်ငံ့ဝန်ထမ်း၊ ကားပွဲစား စသည်ဖြင့်စုံသည်။ လုပ်ငန်းချင်းဆက်စပ်သူတွေက ပုံမှန်တွေ့ဖြစ်ပြီး ကျန်သူတွေကတော့ တစ်ဦးနှင့်တစ်ဦး လိုရင်လိုသလို အဆက်အသွယ်မပြတ်ရှိနေကြကာ နိုင်ငံခြားမှ၊ နေပြည်တော်မှ၊ ခရီးဝေးသွားရာမှ ခေတ္တပြန်လာခိုက် ရန်ကုန်တွင် သူငယ်ချင်းများများ ရှိနေချိန်တွင် အခုလိုတွေ့ဖြစ်ကြသည်။ ရှေးဟောင်းနှောင်းဖြစ်များ ပြော၍ တစ်ဦးနှင့်တစ်ဦး ချစ်ခင်မှု၊ စည်းလုံးမှုကို ပြသကြသည်။ တစ်နှစ်တွင် နှစ်ကြိမ်၊ သုံးကြိမ်လောက် လူအများစုစုံပြီး ညစာစားကြသည်။

သူတို့အုပ်စု အခုတစ်ပတ်တွင် ၁၁ ယောက် လူစုံကြသည်။ နေလင်း၊ သိန်းနိုင်၊ သောင်းဒန်၊ လှမိုး၊ မြတ်သူ၊ လှဖုန်းမြင့်၊ ဇာနည်မောင်၊ ကျော်ဇော၊ စိုးမိုးလွင်(ငစော)၊ ဆန်းယုနှင့် ကိုကိုသက်တို့ဖြစ်သည်။ သောင်းတန်နှင့် ချစ်ကိုတို့က ခရီးလွန်နေ၍ ယခုအပတ်ဆုံကြစဉ် မပါ။

တစ်ယောက်တစ်ပေါက် ပြောချင်ရာ ပြောကြနှင့် ညဥ့်နက်တော့မှ လမ်းခွဲဖြစ်သည်။ ပျော်ရွှင်စရာကောင်းသော၊ လွတ်လပ်မှုရှိသော ငယ်ဘဝကို ပြန်ရောက်သွားသလို ခံစားကြရသော သူတို့တွေ့ဆုံပွဲလေးက ရင်ထဲတွင် အမြဲထင်ကျန်ရစ်နေဦးမည့် တွေ့ဆုံပွဲလေးအဖြစ် သူ့ရင်ထဲတွင် မှတ်တမ်းတင်ကျန်ရစ်နေသည်။

ထို့ပြင် ဇာနည်မောင်ပြောလိုက်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို တည်ဆောက်ပေးဖို့ လိုသည်ဆိုသည့် အကြံပြုချက်လေးကို ခေါင်းထဲ စွဲထင်နေမိသည်က အမှန်ပင် ဖြစ်ပါသည်။ ။

# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ နာယက(ကမ္ဘောဇဘဏ် လီမိတက် ဥက္ကဋ္ဌ) ဝဏ္ဏကျော်ထင် စည်သူ **ဦးအောင်ကိုဝင်း**သည် ၃၀-၄-၂၀၁၃ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆု(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်-ပထမဆု)အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးသူရိန်**
**မန်နေးဂျင်းဒါရိုက်တာ**
**ရွှေနဂါးမင်းကုမ္ပဏီလီမိတက်**

------------------

# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ (မက်စ်မြန်မာကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ) ဝဏ္ဏကျော်ထင် စည်သူ **ဦးဇော်ဇော်**သည် ၃၀-၄-၂၀၁၃ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်အဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးသူရိန်**
**အသင်းပိုင်ရှင်**
**ဇေယျာရွှေမြေဘောလုံးအသင်း**

------------------

# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဥက္ကဋ္ဌ၊ ပင်လယ်ကိုးသွယ်ကုမ္ပဏီလီမိတက်ပိုင်ရှင် **ဦးအောင်သန်းဦး**သည် ၃၀-၄-၂၀၁၃ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆု (စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု)အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးသူရိန်**
**မန်နေးဂျင်းဒါရိုက်တာ**
**ရွှေနဂါးမင်းကုမ္ပဏီလီမိတက်**

(7-5)18.pmd 1 5/5/2013, 9:37 PM

## လိုက်လံစွဲဝဂ္ဂဏ်ယူဝဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတကြီး၏ ( ၃၀-၄-၂၀၁၃ ) တွင် အပ်နှင်းသည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုပေးပွဲမှ အခွန်ဘဏ္ဍာ တာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်ဆု ရရှိသူ မက်(စ်)မြန်မာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော် အား အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း။

SAW BWAR LAY PTE. LTD.
SAW BWAR LAY BO BO MAUNG CO., LTD.
AUNG KHINE FAMILY TRADING.
BOSS ပါကေးအရောင်းခန်းမ

## KO NYAN ကိုညာဏ် Travel Services

"မင်္ဂလာရှိသော မြန်မာနှစ်သစ်တွင် ပြည့်စုံကောင်းမွန်သော ဝန်ဆောင်မှုများနှင့် ကိုညာဏ်မှ ကြိုဆိုလျက်ပါ......"

**အထူးဈေးချိုတာဝန်ရှိခြင်း**

"ကိုညာဏ်" မှ အထူးကျေးဇူးတင်ရှိပါသည်။

Air-Con, Toilet

ဘုရားဖူးခရီးစဉ်များ — Hotel Package

| | | |
|---|---|---|
| ပုပ္ပါး–ညောင်ဦး–စွယ်တော်လေးဆူ–မြည်ပြည်–ပုဂံဘုရားစုံ(အထူး) (၃ည/၄ရက်) | May-10 | 75000 |
| တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–ရွှေတော်ကျွန်း–ထိုင်းဝင်း (၃ည/၄ရက်) | May-23 | 90000 |

Ph: 01-551649, 01-209183, 01-554359, 09-420085992
E-mail: konyan1966@gmail.com

## Tah Lee Gold
## စိန်ရွှေရတနာဆိုင်

- နိုင်ငံတကာအသိအမှတ်ပြု GIA, HRD, IGI Certificate များပါရှိသော D-K Colour ရတီ ကိုက်ပြုသန့်များကို ကမ္ဘာ့စိန်ပေါက်ဈေးနှုန်း (Rapaport) အတိုင်းအနည်းဆုံး 5% မှ အများဆုံး 17% အထိ Discount ပေး၍ ရောင်းချပေးနေပါပြီ။
- ဤဆိုင်မှဝယ်သော စိန်ထည်များကို နာလည်တတ်ကျွမ်းသူများကြည့်၍ ဈေးမှားသည်ဟု ထင်လျှင် (၃)ရက်အတွင်း ပြန်လည်ပေးနိုင်ပါသည်။

ဤဆိုင်မှဝယ်သော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏ ၈၀% ၊ လဲလျှင် ကာလတန်ဖိုး၏ ၉၅% ပြန်ပေးပါသည်။ (အလျော့တွက်ပေးမည်)

**စိန်ရောင်းချင်လို့ပါ**

တန်ရာတန်ကြေးပေးဖို့ဝန်မလေးဘူး။ စိန်ပြုသန့်အမှန်အကန်ပဲလိုချင်တယ်။ ရှေးဖိုရှာဖို့လဲ အချိန်မပေးနိုင်ဘူးဆိုသူများအတွက် ...
အောက်ပါအရည်အသွေးအတိုင်း တိတိကျကျရှိသောစိန်ပြုသန့်အကြီးအသေးဆိုဒ်စုံများကို အာမခံပြီး ရောင်းချပေးနေပါပြီ

- Same Cutting စိန်အပွင့်တိုင်း Standard Brilliant Cut (ဘယ်လဂျီယမ် Cutting) ဖြစ်ရမည်။ Cutting ချိုသွေးထားတာမပါစေရ။
- Same Colour စိန်အပွင့်တိုင်း အဖြူစစ်စစ်ရည် (D,E,F Colour) ဖြစ်ရမည်။ အရည်မဖြူတာ၊ မညီတာ၊ နဲနဲလေး၀ါ၊ ညိုတာမပါစေရ။
- Same Purity အပွင့်တိုင်းသန့်စင်မှု မကွာစေရ။ (IF, VVS₁, Quality ရှိရမည်။) VS Quality များဖြစ်သော အစွန်းသေး၊ Spot သေး၊ အပြစ်သေးများမပါစေရ။

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၁၁၄၄၊ ၅၁၂၆၉၆

အကောင်းဆုံးထုတ်ကုန်များ နှင့် မော်တော်ယာဉ်များအား အထူးသက်သာသောဈေးနှုန်းများဖြင့်ပြသရောင်းချမည့်ပြပွဲကြီး

# BEST PRODUCTS EXPO & CAR SHOW

လူသုံးကုန်များ (11.5.13 မှ 14.5.13) တပ်မတော်ခန်းမ၊ရန်ကုန်မြို့၊ မော်တော်ယာဉ်များ

ပြခန်းစုံစမ်းရန် - SMART BUSINESS GROUP. PH:01-656875,667473, 09-73014777, 09-5099079

## ဦးညာဏ်လွင်
ဓာတုနှင့်ဇီဝ
B.Sc (Phy), M.Sc (Thesis)
ရူပဗေဒဘာသာစုံနှင့် ဘာသာစုံသင်တန်းများ
(၁၈၆)၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ☎ 253205 09-510-8309

## ဒေါင်းသရဖူ
Maritime Training Centre
★ BST (4 Tickets)
★ Pre-sea (Deck & Engine)
သင်တန်းသားများ စတင်လက်ခံနေပါပြီ ☎: 212357,095070163
အမှတ်(၁၈၅)၊ ပထမထပ်၊ ထမ်းမတော်လမ်း (ကမ္ဘာ့ဘေးရှေ့) ထမ်းမတော်မြို့နယ်

## TOURS LAVENDER Car Rental
Ph: 01- 398864, 09 7310 5901, 09 7310 5898, 09 51 94147.
WWW.FACEBOOK.COM/TOURSLAVENDERMYANMAR WWW.TOURSLAVENDER.COM

VIP Trips (May 17 & 23)

| | | |
|---|---|---|
| တောင်ကြီး ကလော အင်းလေး ပင်းတယ | ( ၄ ရက် ) | 120,000 ks |
| ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပုဂံ | ( ၄ ရက် ) | 120,000 ks |

## SAYA-TONY
O.B.F Language School
Since 1989
# * IELTS / TOEFL
- Elementary Spoken English (ESE)
- Intermediate General English (IGE)
- Advanced General English (AGE)
- Grammar & Basic Translation Course

☎ : 249178, 09-5138867, 09-5061343, 09-448000410

## EVER TOP
ဘာသာစကားသင်တန်း Ph: 098770096 0973040610

| ဂျပန် | အင်္ဂလိပ် | ကိုရီးယား |
|---|---|---|
| | (Top English) / Saya William | EPS TOPIK / 4-Skills |
| **တရုတ်** | 4-Skills, Phonetics, Practical English, Grammar+Writing | **မလေး** |

အင်္ဂလိပ် / တရုတ် / ဂျပန် (၅၀၀၀/ချပ်)

**အမည်မှန်ပြောင်းလဲခြင်း** သာကေတ၊ အမက(၁၉)မှ အဖ ဦးခင်ဇော်၏သမီး မဒီဖြိုးဝေ၏ အမည်မှန်မှာ မဒီဝေဖြိုး ဖြစ်ပါကြောင်း။

## သာယွန်
အင်္ဂလိပ် - မြန်မာ
အဘိဓာန်

## WIN Japanese Language School

| Section | Period | Day | Month |
|---|---|---|---|
| N1 Reading+Listening | 28.4.2013 | Sat,Sun | 4 |
| Intermediate | 11.5.2013 | Sat,Sun | 4.5 |
| N2,N3 Kanji | 11.5.2013 | Sat,Sun | 4 |
| Basic | 21.5.2013 | Tue~Fri | 3 |
| Pre-Adv (I) | 4 .6 .2013 | Tue~Fri | 3 |
| Basic | 11.6.2013 | Tue~Fri | 3 |

No.278,(First Floor),Theinbyu Road,
Tel : 294613, 297998, 299493

## ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)
မြေကွက်များ ဝယ်လိုသည်။
09 730 90 100
09 7325 2524
09 7349 4350

## သမီးစွန့်
တောင်သာမြို့၊ အမှတ်(၅)ရပ်ကွက်နေ (ဦးဇော်ဝင်း)-ဒေါ်စန္ဒာသန်း၏သမီး မနှင်းဝေလွင်[၉/တသန(နိုင်)၁၆၀၃၇၄]သည် မိဘမောင်နှမများအား စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ဆွေမျိုးသားချင်းမှ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။
ၶင်းနှင့်ပတ်သက်သော ကိစ္စရပ်များအား လုံးဝတာဝန်မယူ။
ဒေါ်စန္ဒာသန်း
[၉/တသန(နိုင်)၀၀၀၄၆၆]

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
မရမ်းကုန်း-ရွှေနှင်းဆီ လမ်းသွယ်(၇) (၂၈-စ၃)
မရမ်းကုန်း အောင်တေဇာလမ်း (၂၅-၆၀)
ဖုန်း-၀၁-၅၁၄၄၈၂၊ ၀၉-၅၀၁၈၇၆၀၊ ၀၉-၇၃၂၄၉၇၇၇

# ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေးဖြင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်သို့ ပြုပြင်ပြောင်းလဲရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြရန်နှိုးဆော်

နေပြည်တော်  မေ  ၆

မေ ၅ ရက်က နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ရာ၌ ပြည်သူကိုဗဟိုပြုသည့်စနစ်ဖြင့် အုပ်ချုပ်နိုင်ရေး ပြောင်းလဲဆောင်ရွက်နေကြောင်း၊ အုပ်ချုပ်မှုကဏ္ဍ၏ချို့ယွင်းအားနည်းချက်များကို တိကျသေချာသော အထောက်အထားများဖြင့် တိုင်ကြားနိုင်ပါကြောင်း၊ အသိအမှတ်ပြုပြီး ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အားလုံးကလည်း ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၃) ဖြင့် မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများအား ၂၀၁၃ ခုနှစ် မတ် ၃၁ ရက်မတိုင်မီ အပြီးဖွဲ့စည်းရန်၊ ယင်းကော်မတီအား မြို့မိမြို့ဖများအပါအဝင်ဖြင့် ဖွဲ့စည်းပြီး ဌာနဆိုင်ရာများပါဝင်သည့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား တစ်လလျှင် အနည်းဆုံးတစ်ကြိမ် တွေ့ဆုံဆွေးနွေးညှိနှိုင်းအကြံဉာဏ်ရယူဆောင်ရွက်ရန် ဖြန့်ဝေအကြောင်းကြားခဲ့ပြီး ဖြစ်သည်။ အလားတူလွှတ်တော်ကိုယ်စားလှယ်များအား အစည်းအဝေးသို့ဖိတ်ကြား၍ အကြံဉာဏ်ရယူဆောင်ရွက်ရန် ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါသည်။

သို့ပါ၍ ဌာနဆိုင်ရာများ ပါဝင်သည့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများပါဝင်သည့် မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်သွားရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသို့ အကြောင်းကြားနှိုးဆော်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

# လယ်ယာစိုက်ပျိုးရေးဆိုင်ရာ လွှတ်တော်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန်  မေ  ၆

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ လွှတ်တော်ရုံးခွဲ (ရန်ကုန်)၌ ကျင်းပသည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ လွှတ်တော်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။**(အောက်ပုံ)



အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးဌေးဦး၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ဦးစိုးနိုင်၊ ဦးဌေးမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ကော်မတီအတွင်းရေးမှူးများ၊ ကော်မတီအဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Derek Mitchell နှင့် သံရုံးတာဝန်ရှိသူများ၊ အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (US Agency International Development-USAID)မှ စိုက်ပျိုးရေးအရာရှိနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေပြုသော နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးကို လုပ်ကိုင်ကြသူများဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသော တောင်သူလယ်သမားအများစုသည် ဆင်းရဲနွမ်းပါးသူများဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုများရှိ၍ တောင်သူလယ်သမားများ၏ လုပ်ငန်းများကို ထိခိုက်မှုရှိကြောင်း၊ ထို့အပြင် စိုက်ပျိုးစရိတ်ချေးငွေ အလုံအလောက်မရခြင်း၊ အတိုးနှုန်းကြီးမားစွာ ပေးရခြင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်သည့် စက်ကိရိယာ၊ သွင်းအားစုများ စသည်တို့လုံလောက်မှုမရှိသည့်အတွက် ပြဿနာများရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေကြောင်း၊ ထို့ကြောင့် ပြည်သူများကို အကျိုးပြုချင်ပါကြောင်း၊ လူမှုစီးပွားဘဝ တိုးတက်ဖို့လိုပါကြောင်း၊ ပြောင်းလဲတိုးတက်မှုအတွက် အမေရိကန်နိုင်ငံက ယခုကဲ့သို့ ဆွေးနွေးပွဲများ ပြုလုပ်ပေးသည့်အတွက် လယ်ယာကဏ္ဍတွင် များစွာ အကျိုးဖြစ်ထွန်းမည်ဟု မျှော်လင့်ပါကြောင်း၊ ပို၍လည်း ကူညီနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်သော နောက်ခံအကြောင်းအရာ၊ အခြေအနေများနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ယနေ့ မာတိကာ


အသေတတ်၊ အနေတတ် — စာမျက်နှာ - ၂
တကယ်လုပ် အဟုတ်ဖွတာပါ — စာမျက်နှာ - ၂
အဖြေရှာကြည့်ကြဖို့ ပြောတာပါ — စာမျက်နှာ - ၅
မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၅၀၀၀ ဂျပန်ဝယ်ယူမည် — စာမျက်နှာ - ၆




ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာအုပ်စုတွင် ရွှေတွင်းများပြိုကျမှုဖြစ်ပွားခဲ့ရာ ပိတ်မိသူများမကျန်ရေးအတွက် ကယ်ဆယ်ရေး ဆောင်ရွက်ပေးလျက်ရှိသည်ကို မေ ၆ ရက်က တွေ့ရစဉ်။

# ကလောမြို့နယ်မှ ရွှေတွင်းပြိုကျမှုကြောင့် လူ ၁၆ ဦးသာသေဆုံးမှုရှိ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ကလော  မေ  ၆

မေ ၂ ရက် နံနက် ၁ နာရီခွဲမှ ၂ နာရီအတွင်း ရှမ်းပြည်နယ် ကလောမြို့နယ် ကလောရဲစခန်းအနောက်ဘက် ၁၈ မိုင်အကွာရှိ ရွှေမင်းဖုန်းအုပ်စု ညောင်ကုန်းရွာ ရွှေတော(ကေစီ-၄၀၉၈၈၃၂၁)ရှိ အာရှကမ္ဘာမြေစက်မှုနှင့် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ရွှေလုပ်ကွက်အနီးပတ်ဝန်းကျင်တွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ထူးခြားမြစ်ရေအခြေအနေ

နေပြည်တော်  မေ  ၆

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ကသာမြို့၌ ၄၄၂ စင်တီမီတာသို့ ရောက်ရှိနေပြီး နှစ်ရက်အတွင်း ၂၃၂ စင်တီမီတာ (၇-ပေခွဲခန့်) မြင့်တက်ခဲ့သည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်မှ လေးရက်အတွင်း မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ (၅-ပေခန့်)၊ နောက်သုံးရက်မှ ငါးရက်အတွင်း ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၁၂၀ စင်တီမီတာ (၄-ပေခန့်)၊ နောက်လေးရက်မှ ခြောက်ရက်အတွင်း အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ၉၀ စင်တီမီတာ (၃-ပေခန့်)နှင့် နောက်ငါးရက်မှ ခုနစ်ရက်အတွင်း ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၇၅ စင်တီမီတာ (၂-ပေခွဲခန့်) လက်ရှိရေမှတ်များအထက် မြင့်တက် နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော်  မေ  ၆

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များနှင့် မိုးလေဝသအခြေအနေ ဆန်းစစ်ချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ယနေ့ညနေမှ နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ပါသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်ပါက အချိန်မီသတင်းများ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)


